# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်နေ့၊ ၂၀၀၆ ခုနှစ်၊ မေ ၁၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၉၅)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ကျေးရွာဖွံ့ ဖြိုးရေး ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ် တစ်ခရိုင်နှင့်တစ်ခရိုင်လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှု ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး စီးပွားရေးတိုးတက်လာမည် ကျေးရွာပြည်သူများလမ်းများမပျက်စီးရေး ဝိုင်းဝန်းထိန်းသိမ်း

**လမ်းဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကသာ–ရွှေဘို–စစ်ကိုင်း ခရိုင်ချင်းဆက်လမ်း မိုင်တိုင် ၃၆ မိုင်နှင့် ၃၇မိုင်ကြား၌ စက်ယန္တရားများဖြင့် လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

**ရန်ကုန် မေ ၁၂**

မန္တလေးတိုင်း သပိတ်ကျင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများလိုက်ပါလျက် မေ ၈ ရက် နံနက်ပိုင်းတွင် တကောင်းမြို့သို့ရောက်ရှိပြီး တကောင်းမြို့ ဈေး၌ ဈေးရောင်း၊ ဈေးဝယ်နေကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဈေးရောင်းဝယ်မှု အခြေအနေများကို မေးမြန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တကောင်းဆိပ်ကမ်းမှ ရေယာဉ်ဖြင့် မြစ်တစ်ဖက်ကမ်းရှိ ရွှေတန့်ကြည် မြစ်ဆိပ်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ကသာခရိုင်နှင့် ထီးချိုင့်–တကောင်းမြို့တို့မှ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

**ကွင်းဆင်းဆောင်ရွက်**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှတ်(၃) ခရိုင်ချင်းဆက်လမ်း၏ စစ်ကိုင်း–ရွှေဘို–ကသာခရိုင်ချင်းဆက်လမ်းအပိုင်း ဖောက်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တကောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက တကောင်းမြို့၏ ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြို့ပေါ်သာမက ကျေးလက်ဒေသများအထိ ကွင်းဆင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရွှေတန့်ကြည် မြစ်ဆိပ်မှ ကသာ–ရွှေဘို–စစ်ကိုင်း ခရိုင်ချင်းဆက်လမ်း လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် အဆိုပါလမ်း မိုင်တိုင် ၃၆ မိုင်နှင့် ၃၇ မိုင်ကြား၌ စက်ယန္တရားဖြင့် လမ်းဖောက်လုပ်နေမှုကိုလည်းကောင်း၊ ပုတီးကုန်း အနောက်ဘက်ကမ်း မိုင်တိုင် ၄၂ မိုင်တွင် စက်ယန္တရားဖြင့် မြေညှိနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

**မြန်မာ့အလင်း**

**သတင်းဆောင်းပါး အင်တာနက် သတင်းနှင့် ဓာတ်ပုံအညွှန်း**

## စည်းကမ်းတကျပျော်ရွှင်စွာဆင်နွှဲမြန်မာ့ရိုးရာအတာသင်္ကြန်ပွဲ

**မောင်မောင်မြင့်ဆွေ ၏ မဟာသင်္ကြန် အထူးသတင်း ဆောင်းပါး**

ကျောဖုံး

**အင်တာနက်သင်္ကြန်နှင့် ရေကစားပွဲတော်**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ–၆)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၃ ရက်)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာထိန်းသိမ်း နှစ်သစ်ကူးမဟာသင်္ကြန်ပွဲ ပျော်ရွှင်စွာဆင်နွှဲ

ယခုအချိန်ကာလသည် နှစ်သစ်ကူးသည့် တန်ခူးလရာသီဖြစ်သည်။ တန်ခူးလသည် မြန်မာတို့၏ ၁၂လတွင် ပထမဆုံးလဖြစ်သည်။ တောတောင်တစ်ခိုတွင် ပင်အို၊ ပင်ပျိုတို့အထက်၌ ရွက်နု၊ ရွက်သစ်တို့ဖြင့် ဝေဆာစိမ်းစိုလျက်ရှိသည်။

တန်ခူးလ၏ ရာသီပန်းများမှာ ကံ့ကော်ပန်း၊ ရင်ခတ်ပန်းနှင့် ပိတောက်ပန်းတို့ဖြစ်သည်။ သင်္ကြန်မိုးပြေးနှင့်အတူ ပိတောက်ပန်းများ ပင်လုံးညွှတ်မျှ ဖူးပွင့်ဝေဆာလျက်ရှိသည်။

တော၏အလှ၊ တောင်၏အလှ၊ ရာသီပန်းတို့၏အလှများဖြင့် ပြည့်စုံဝေဆာနေသည့် တန်ခူးလတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။ မြန်မာနိုင်ငံတွင် ၁၂လရာသီပွဲများရှိသည့်အနက် မဟာသင်္ကြန်ပွဲတော်မှာ အထူးခြားဆုံးဖြစ်၍ ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးလည်းဖြစ်သည်။

သင်္ကြန်ဟူသောစကားသည် သင်္ကန္တ ဟူသော သက္ကတစကားနှင့် သင်္ကန္တ ဟူသော ပါဠိစကားတို့မှ ပြောင်းလဲဆင်းသက်လာသည်။ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။

နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်သို့ကူးပြောင်းသည့် မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ကို ရေစင်သွန်းလောင်း ပက်ဖျန်းကြသည့် သင်္ကြန်ပွဲတော်ကျင်းပ၍ ဆင်နွှဲကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးတို့ကို ဆေးကြောသန့်စင်သည့်အနေဖြင့် ရေစင်ပက်ဖျန်းသွန်းလောင်းကြခြင်းဖြစ်သည်။

မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်သည် ပျော်ရွှင်ဖွယ်ရာကောင်းရုံသာမက မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့သော ဓလေ့စရိုက်များ လွှမ်းခြုံလျက်ရှိသည်။ သင်္ကြန်အကြိုနေ့မှသည် အတက်နေ့အထိ ပျော်ရွှင်စွာ ရေပက်ကစားကြသည်။ ရှေးအခါကပင် အတာသင်္ကြန်ပွဲများ ကျင်းပ၍ ရေပက်ဖျန်းကစားကြသည်။ ငွေဖလားတွင် စန္ဒကူးနံ့သာ အမွှေးရည်များထည့်၍ ယဉ်ကျေးသိမ်မွေ့စွာ တစ်ဦးနှင့်တစ်ဦး ပက်ဖျန်းသွန်းလောင်းကြသည်။

အမွှေးနံ့သာရည်ကို သပြေခက်ဖြင့်ယူ၍ ရင်းနှီးခင်မင်စွာ အပြန်အလှန် ပက်ဖျန်းကြသည်။ ရေပက်သူရော၊ ရေပက်ခံရသူတို့ပါ ပျော်ရွှင်ကြည်နူးကြရသည်။ အေးမြသောရေ၊ မွှေးပျံ့သောရေတို့ဖြင့် သွန်းလောင်းပက်ဖျန်း ရေကစားကြသည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်၏ ထုံးတမ်းစဉ်လာများကို ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲကြရာတွင် တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထား၍ အေးမြစေကြောင်း၊ သန့်စင်စေကြောင်း မေတ္တာစိတ်ဖြင့် ယဉ်ကျေးစွာ နွှဲပျော်သင့်ကြသည်။ သို့မှသာ သင်္ကြန်၏ အနှစ်သာရ၊ သင်္ကြန်၏ ပျော်ရွှင်ဖွယ်ရာများကို အပြည့်အဝရရှိခံစားနိုင်ကြမည် ဖြစ်သည်။

သင်္ကြန်ပွဲတော်ရက်များအတွင်း ရေသဘင်ပွဲတော် ဆင်နွှဲသူများသည် မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီက တိုက်တွန်းနှိုးဆော်ထားချက်များနှင့်အညီ လိုက်နာကြရန်လိုအပ်သည်။ အထူးသဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ကြရန် သတိပြု ဆင်ခြင်ကြရမည် ဖြစ်ပေသည်။

ထို့အပြင် ရေကစားသူအချင်းချင်း ဒဏ်ရာအနာတရ ဖြစ်စေနိုင်သည့် ကြမ်းတမ်းသော ရေကစားမှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူ၊ ပြောဆိုမှုများကို အထူးသတိထားရှောင်ကြဉ်ကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း မြန်မာပြည်သူတစ်ရပ်လုံး မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်း၍ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလတွင် ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင် ဆင်နွှဲနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ၁၃၆၈ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို လှိုက်လှဲစွာ ကြိုဆိုလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပဲခူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ နွေရာသီသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (ရထား)

## ပဲခူးတိုင်းအတွင်း မြို့နယ်များအလိုက် နွေရာသီသင်တန်းများဖွင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၁၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဧပြီ ၉ရက် နံနက်ပိုင်းက ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး အသင်းရုံးခန်းမ၌ ကျင်းပသော ပဲခူးမြို့နယ်အသင်းက ဖွင့်လှစ်သည့် နွေရာသီသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲမြင့်ထွန်းက သင်တန်းများ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ဒိုက်ဦးမြို့နယ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်မင်း၊ ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းတို့ လိုက်ပါ၍ ဒိုက်ဦးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ဒိုက်ဦးမြို့နယ်အသင်းက ဖွင့်လှစ်သော နွေရာသီ သင်တန်းများ ဖွင့်ပွဲသို့လည်းကောင်း၊ ညောင်လေးပင်မြို့နယ် အသင်းရုံး၌ ကျင်းပသော ညောင်လေးပင် မြို့နယ်အသင်း၏ နွေရာသီသင်တန်းများဖွင့်ပွဲသို့ လည်းကောင်း၊ ကျောက်တံခါးမြို့နယ်ခန်းမ၌ ကျင်းပသော ကျောက်တံခါးမြို့နယ်အသင်း၏ နွေရာသီသင်တန်းများ ဖွင့်ပွဲသို့လည်းကောင်း တက်ရောက် အမှာစကား ပြောကြားသည်။

### ဖြူးမြို့နယ်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ဖြူးမြို့ စည်ပင်သာယာခန်းမသို့ရောက်ရှိပြီး ဖြူးမြို့နယ်အသင်း၏ နွေရာသီသင်တန်းများ ဖွင့်ပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။ ဆက်လက်၍ ဖြူးမြို့နယ် အသင်းအတွက် ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဖြူးမြို့ မြန်မာ့မီးရထားဝန်ထမ်းများက လှူဒါန်းငွေကျပ်ငါးသောင်းစီကို ဗဟိုအလုပ်အမှုဆောင်ကလည်းကောင်း၊ ဖြူးမြို့နယ် စည်ပင်သာယာမှ လှူဒါန်းငွေကျပ်သုံးသောင်းကို ပဲခူးတိုင်း(အရှေ့) အသင်းအတွင်းရေးမှူး ဦးစောမော်ထွန်းကလည်းကောင်း လက်ခံ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ရေတာရှည်မြို့နယ်

ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ၁၀ရက် နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကြက်ဆူပင် စိုက်ခင်းသို့ သွားရောက်ကြည့်ရှုပြီး ပျိုးပင်များထပ်မံ စုဆောင်းထားရှိ၍ တစ်အုပ်တစ်မ စိုက်ပျိုးနိုင်ရေး မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ရေတာရှည်မြို့နယ် အသင်းရုံးသို့ ရောက်ရှိ၍ အသင်းရုံးခန်းမ၌ ကျင်းပသော နွေရာသီသင်တန်းများ ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးသိန်းမြင့်ထွန်းက သင်တန်းများဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁၃-၄-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | ကျန်းမာရွှင်လန်းယောဂအစွမ်း |
| ၇:၁၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၆။ | မြန်မာသံစဉ်ချိုနှာဝင် |
| ၇:၄၀ | ၇။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၄၅ | ၈။ | ခါသင်္ကြန်အဆိုအကများ |
| ၇:၅၅ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၁။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | ကျန်းမာရွှင်လန်းယောဂအစွမ်း |
| ၄:၁၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၂၅ | ၆။ | ခါသင်္ကြန်အဆိုအကများ |
| ၄:၃၀ | ၇။ | မြန်မာသံစဉ်ချိုနှာဝင် |
| ၄:၄၀ | ၈။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၄:၅၀ | ၉။ | ရွှင်ကြည်ပြုံးစရာ တေးကဗျာ |
| ၅:၀၀ | ၁၀။ | မျိုးချစ်တပ်မတော် |
| ၅:၂၀ | ၁၁။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၃၀ | ၁၂။ | ခါသင်္ကြန်အဆိုအကများ |
| ၅:၄၅ | ၁၃။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၅။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၆။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၅၀ | ၁၈။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၉။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနှင့်အိမ်ကလေး"** (အပိုင်း-၁၆) |
| ၈:၀၀ | ၂၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၂၁။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၂။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၂၃) |

**ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်တွင် ဆောက်လုပ်လျက်ရှိသော ကမ္မဋ္ဌာန်းကျောင်းအတွက် မိဘများအမှူးထား၍ သမီး ခင်ချိုနွယ် (မွေးနေ့အလှူ) သား မောင်ထွန်းကျော်ဝင်းက အုတ်ကျင်း ဘူတာရုံလမ်းမှ အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အဖွဲ့ဝင်ဦးစိန်ဝင်းတို့သို့ အလှူငွေပေးအပ်စဉ်။** (က-ပ)

# ဖြစ်ချင်တာ၊ ဖြစ်သင့်တာနဲ့ ဖြစ်နိုင်တာ

ခုတလောမှာ ပြည်တွင်းပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီတွေနဲ့ အနောက်အုပ်စု မီဒီယာလောကသားတွေက မြန်မာ့ဒီမိုကရေစီ ဖော်ဆောင်ရေးနဲ့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က တပ်မတော်အစိုးရသို့ အပျော့ပျောင်းဆုံး ကမ်းလှမ်းချက်တစ်ရပ်ကြေညာခဲ့တယ်ဆိုပြီး နိုင်ငံတကာရဲ့ ထောက်ခံချက်ရအောင် ကြိုးစားနေကြပါတယ်။

အဲဒါကတော့ ၁၂-၂-၂၀၀၆ ရက် ပြည်ထောင်စုနေ့မှာ NLD က ထုတ်ပြန်ခဲ့တဲ့ အထူးကြေညာချက် ၁/၀၂/၂၀၀၆ ဖြစ်ပါတယ်။

အဲဒီကြေညာချက်နဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေကြတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ ထောက်ခံကြိုဆိုနေကြတဲ့ အသံတွေဟာ တကယ်တော့ မြန်မာပြည်သူတွေရဲ့ဆန္ဒနဲ့ လုံးဝဆန့်ကျင်ဘက် ဖြစ်နေပါတယ်။

အဲဒီကြေညာချက်ရဲ့ သဘောထားအကျဉ်းချုပ်ကတော့ တည်ဆဲတပ်မတော်အစိုးရက လွှတ်တော်ခေါ်ပေးရန်၊ လွှတ်တော်ခေါ်ပေးရင် လွှတ်တော်က တည်ဆဲတပ်မတော်အစိုးရကို ဥပဒေအရ မဟုတ်ဘဲ လက်တွေ့အုပ်ချုပ်နေသော ကောင်စီ (De Facto)အဖြစ်မှ ဥပဒေအရ အုပ်ချုပ်သောကောင်စီ(De Jure) အစိုးရအဖြစ် အသိအမှတ်ပြုပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးအစိုးရ(ကြားဖြတ်အစိုးရ)အဖြစ် အသိအမှတ်ပြုပေးမယ်။ အသွင်ကူးပြောင်းရေး အချိန်ကာလကို နှစ်ဦးနှစ်ဖက် အပြန်အလှန် ညှိနှိုင်းသတ်မှတ်မယ်။ တစ်ချိန်တည်းမှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဆွေးနွေးရန် ဒေါ်စုကြည်ကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန်၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဆွေးနွေးရာမှာ ကြားဝင်စေ့စပ်ဖျန်ဖြေပေးသူ၊ လိုအပ်လာပါက အာဆီယံအသင်းမှ လက်ခံယုံကြည်သော ခေါင်းဆောင်ကို ထားရှိရန်နဲ့ ၎င်းတို့ရဲ့တောင်းဆိုဖော်ပြချက်အပေါ် တပ်မတော်အစိုးရက ၂၀၀၆ခုနှစ် ဧပြီ ၁၇ ရက်တွင် လက်ခံအကောင်အထည်ဖော်ပေးရန်တို့ ဖြစ်ကြပါတယ်။

NLD ရဲ့ ထုတ်ပြန်ကြေညာချက်ဟာ အသစ်အဆန်းမဟုတ်ဘဲ ဒေါ်စုကြည်ပါဝင်တဲ့ တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်ဖို့ အသွင်တစ်မျိုးနဲ့ တောင်းဆိုလာခြင်းသာဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေး ရေး အခြေခံကလဲ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အသိအမှတ်ပြုရေး တစ်နည်းအားဖြင့် NLDက သူ့ဘာသာသူ ရေးဆွဲထားတဲ့ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အာဏာလွှဲပေးရေးပဲ ဖြစ်ပါတယ်။

အခု NLD ရဲ့ အထူးကြေညာချက်ဆိုတဲ့ဖြန့်ဝေစာဟာ သွားလေသူ ဝန်ကြီးချုပ်ဟောင်းဦးနုရဲ့ သဘောထားမျိုးနဲ့ တိုက်တိုက်ဆိုင်ဆိုင်တူနေပါတယ်။ တော်လှန်ရေးကောင်စီက နိုင်ငံကိုတာဝန်ယူနေတဲ့ ၁၉၆၈ခုနှစ်မှာ နိုင်ငံရေးခေါင်းဆောင် ၃၃ဦးပါဝင်တဲ့ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းပေးပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲတဲ့အခါမှာ ထည့်သွင်းသင့်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေးဆိုင်ရာ အချက်အလက်တွေကို အကြံပြုကြဖို့ စီစဉ်ဆောင်ရွက် ခဲ့ပါတယ်။ အဲဒီအကြံပေးအဖွဲ့မှာပါဝင်တဲ့ ဝန်ကြီးချုပ်ဟောင်း ဦးနုက ဘယ်လို အကြံပြုသလဲဆိုရင် "တော်လှန်ရေးကောင်စီက သိမ်းယူထားတဲ့အာဏာကို သူ့ဆီပြန်အပ်ဖို့၊ သူ့အနေနဲ့ လွှတ်တော်ခေါ်ယူပြီး တရားဝင်ကြားဖြတ်အစိုးရအဖြစ် တော်လှန်ရေးကောင်စီကို အာဏာ ပြန်လွှဲပေးမယ်"လို့ အကြံပြုတင်ပြခဲ့တယ်။ နောက်တော့လဲ အဲဒီ ဝန်ကြီးချုပ်ဟောင်း ဦးနုဟာ အိန္ဒိယမှာ ဘုရားဖူးမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ပြည်ပကိုထွက်သွားပြီး ပြည်ပြေးသောင်းကျန်းသူ ခေါင်းဆောင်ဖြစ်သွားခဲ့ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ဖို့အတွက် အခြေခံအကျဆုံး ဗဟိုချက်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို နိုင်ငံရေးပါတီစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံ တက်ရောက်ဆွေးနွေးနေတဲ့ အမျိုးသားညီလာခံမှာတော့ မတက်ရောက်မဆွေးနွေးဘဲ သူတို့နဲ့ တွေ့ဆုံဆွေးနွေးပြီး လွှတ်တော်ခေါ်ပေးရင် တပ်မတော်အစိုးရကို တရားဝင် အစိုးရအဖြစ် ကြေညာပေးမယ်ဆိုတဲ့ သဘောထားနဲ့ ကြေညာချက်ထုတ်တာဟာ ဝန်ကြီးချုပ်ဟောင်းဦးနုရဲ့ သဘောထားနဲ့ တစ်ထပ်တည်းလို ဖြစ်နေပါတယ်။

နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို NLD က ဆန့်ကျင်နေပြီး တစ်ဖက်ကပြည်ပရောက် အစိုးရဆန့်ကျင်ရေးဝါဒီတွေကလဲ ကမ္ဘာကုန်ကျယ်သရွေ့ နည်းမျိုးစုံဖြင့် စည်းရုံးလှုပ်ရှားနေကာ ကုလသမဂ္ဂအထိသယ်ပြီး လုံခြုံရေးကောင်စီဖိအားနဲ့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေး လုပ်ဆောင်လုံးပန်းနေကြပြန်ပါတယ်။

၁၉၈၈ခုနှစ် ဆူပူအုံကြွမှုမှာ တိုင်းပြည်ဟာ မင်းမဲ့တိုင်းပြည်အသွင်သို့ ဆိုက်ရောက်နေပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး ပျက်ပြားကာ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးမရှိနိုင်တော့တဲ့ အခြေအနေအရ တပ်မတော်က နိုင်ငံတော်အာဏာကို ရယူပြီး ပုံမှန်အနေအထားရောက်အောင် ကြိုးစားခဲ့ရတယ်။ ပြည်သူတွေ မလိုလားတော့တဲ့ ဆိုရှယ်လစ်လမ်းစဉ်ကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖွင့်ပေးခဲ့တယ်။ ဒါဟာ တိုင်းကျိုးပြည်ပြုလုပ်ဆောင်ချက်၊ ဒီမိုကရေစီ လုပ်ဆောင်ချက်ဖြစ်ပါတယ်။ ဒါကို ပြောင်းပြန်လှန်ပြီး ပြည်တွင်းပြည်ပအစိုးရ ဆန့်ကျင်ရေးဝါဒီတွေက ဒီမိုကရေစီရေးချိုးနှိမ်ပြီး စစ်တပ်က အာဏာသိမ်းတာဖြစ်တယ်လို့ အမှန်ကို အမှား၊ အကောင်းကို အဆိုးအဖြစ် ရှုမြင်ခံယူနေဆဲဖြစ်တယ်။

အသွင်သဏ္ဌာန်ဖြစ်တဲ့ လူကိုမကြည့်ဘဲ အနှစ်သာရဖြစ်တဲ့ ကာယကံမြောက် လုပ်ဆောင်နေတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး လမ်းစဉ်တွေ ဖြစ်တဲ့ "မူ"ကိုကြည့်ပြီး အကဲဖြတ်ရမယ့်အစား၊ စီးပွားရေး ဒီမိုကရေစီဖြစ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကာယကံမြောက်ချမှတ်အကောင် အထည်ဖော်နေပြီး နိုင်ငံရေး၊ ဒီမိုကရေစီအတွက် နိုင်ငံရေးပါတီတွေ ဖွဲ့စည်းထူထောင်ခွင့်ပေးခဲ့ပေမယ့် တပ်မတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် ရှုမြင်သတ်မှတ်နေတယ်။

**ကျော်စွာမျိုးထက်**

အနောက်အုပ်စုနိုင်ငံတွေနဲ့ သူတို့ဩဇာခံတွေ၊ မြန်မာနိုင်ငံမှ ပြည်တွင်းပြည်ပ အစိုးရဆန့်ကျင်ရေး ဝါဒီတွေကတော့ တည်ဆဲတပ်မတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် သတ်မှတ်ကာ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် တိုင်းပြည်နဲ့လူထုတွေ စီးပွားရေးချွတ်ခြုံကျပြီး လူထုဆူပူအုံကြွမှုဖြင့် တည်ဆဲတပ်မတော်အစိုးရ ပြုတ်ကျပြီး NLD အာဏာရရင် ဒီမိုကရေစီရပြီလို့ ခံယူနေကြပါတယ်။ သူတို့ဟာ ပါတီအဖွဲ့အစည်း အကျိုးမကြည့်ဘဲ လူထုအကျိုးကိုကြည့်ပါတယ်လို့ ပြောနေပေမယ့်လက်တွေ့မှာ လူထုအကျိုးကိုမကြည့်ဘဲ NLDအာဏာရရေးကို လူထုအကျိုးအဖြစ် လှည့်စားလုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။

အနောက်အုပ်စုနိုင်ငံတွေနဲ့ မြန်မာ့ဒီမိုကရေစီရေးကို ကြားဝင်စေ့စပ်ပေးသူတွေကလဲ စီးပွားရေးပိတ်ဆို့ ဖိအားပေးရေးနဲ့ တပ်မတော်အစိုးရရဲ့ ဈေးကွက်စီးပွားရေးကို ဆန့်ကျင်တဲ့သဘောထားလုပ်ဆောင်ချက်တွေ၊ နိုင်ငံရေး ဒီမိုကရေစီရေးအတွက် ရွေးကောက်ပွဲကျင်းပပေးပြီး ပါလီမန် ဒီမိုကရေစီထုံးတမ်းစဉ်လာနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရွေးကောက်ပွဲရလဒ်အကောင်အထည်ဖော်ရေးကို ဆန့်ကျင်ငြင်းဆန်ခဲ့တာတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကို ဆန့်ကျင်နေတာတွေစတဲ့ အစိုးရဆန့်ကျင်ရေးဝါဒီတွေရဲ့ စီးပွားရေး၊ နိုင်ငံရေးတို့အရ ဒီမိုကရေစီဆန့်ကျင်ရေး သဘောထားလုပ်ဆောင်ချက်တွေကို အမှန်အတိုင်း ရှုမြင်ဝေဖန် အကြံပေးခြင်းမရှိဘဲ အသွင်အားဖြင့် အစိုးရဆန့်ကျင်ရေး၊ အနှစ်သာရအားဖြင့် စီးပွားရေး၊ နိုင်ငံရေး၊ ဒီမိုကရေစီရေးကို ဆန့်ကျင်တဲ့ လုပ်ဆောင်ချက်တွေကို ဒီမိုကရေစီတိုက်ပွဲဝင်မှုအဖြစ် ထောက်ခံအားပေးကူညီနေကြပါတယ်။

အဲဒီအချက်တွေဟာ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးမှာ တပ်မတော်အစိုးရရဲ့ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေးကို ဆန့်ကျင်ပြီး ဒီမိုကရေစီဖော်ဆောင်ရေးကို နှောင့်နှေးကြန့်ကြာစေတဲ့အကြောင်းတရားတွေ၊ အမျိုးသား ရင်ကြားစေ့ရေးနဲ့ ဝေးကွာစေတဲ့ အကြောင်းတရားတွေ ဖြစ်နေပါတယ်။

**မြန်မာနိုင်ငံရဲ့ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုဟာ ဒီနေ့ကာလလို အခြေအနေမျိုးကို ဘယ်ခေတ်ကမျှ မရခဲ့ပါဘူးဗျာ။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုကြည့်ရင်လဲ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့နဲ့ အစုအဖွဲ့များစွာက ငြိမ်းချမ်းရေးရယူပြီး နိုင်ငံနဲ့အဝန်း ဒေသအလိုက် နိုင်ငံဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပြည်သူတွေနဲ့အတူ ကြိုးပမ်းတည်ဆောက်နေပါတယ်။**

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန် အရေးသုံးပါးကို အခြေခံပြီး ကျင်းပနေတဲ့ အမျိုးသားညီလာခံကို အသိအမှတ်မပြုတာ NLD ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့စီးပွားရေး၊ လူမှုရေးအခြေအနေတွေ မတိုးတက်အောင်၊ နိုင်ငံတကာ မကူညီမထောက်ပံ့၊ မချေးငှားဖို့၊ မဆက်ဆံဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေမလုပ်ဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ထားရင် ပြန်ရုပ်သိမ်းဖို့၊ တောင်းဆို၊ ကန့်ကွက်၊ နှောင့်ယှက်၊ ပိတ်ပင်တားဆီးခဲ့တာ၊ တားဆီးနေတာလဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပြည်ပြေးသောင်းကျန်းသူတွေပဲ ဖြစ်ပါတယ်။

**ယနေ့ မြန်မာနိုင်ငံရဲ့ ကုန်လုပ်စွမ်းအားစုတွေ အနေအထားအရ ဖြစ်သင့်ဖြစ်ထိုက်တာက NLD ဟာ တပ်မတော်အစိုးရကို မဟာမိတ်ပြုလက်တွဲပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်သော ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်အောင် လုပ်ဆောင်သင့်ပါတယ်။ ဒါမှသာ စစ်မှန်ခိုင်မြဲသော ဒီမိုကရေစီစနစ်အတွက် လိုအပ်တဲ့ရုပ်ဝတ္ထု ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်လာမှာဖြစ်တယ်။**

ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်လာတာနဲ့အမျှ တိုင်းရင်းသားအရင်းရှင် လူတန်းစား ကြီးထွားလာသလောက် ခေတ်မီအလုပ်သမားလူတန်းစားနဲ့ ပညာတတ်လူတန်းစားတွေ ဖြစ်ပေါ်တိုးတက်လာတဲ့ အတိုင်းအတာနဲ့အညီ စနစ်သစ်ဖြစ်တဲ့ ဒီမိုကရေစီထုံးစဉ်လာတွေဟာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားကာ စစ်မှန်ခိုင်မြဲတဲ့ ဒီမိုကရေစီနိုင်ငံဖြစ်လာပါလိမ့်မယ်။ ဒီလို သဘာဝတရားနဲ့အညီ ဖြစ်ပေါ်တိုးတက်လာတာနဲ့အမျှ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍဟာလဲ လိုက်လျောညီထွေ ပြောင်းလဲလာပါလိမ့်မယ်။

NLD အနေနဲ့ တပ်မတော်အစိုးရကိုအကဲဖြတ်ရာမှာ မူဖြစ်တဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးလမ်းစဉ်တွေနဲ့ ကာယကံမြောက် လုပ်ဆောင်ချက်မှုကိုမကြည့်ဘဲ လူကိုကြည့်ပြီး စစ်အာဏာရှင်အစိုးရအဖြစ် သတ်မှတ်ကာ အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုပြီး ဥပဒေအတွင်း၊ ဥပဒေပနည်းတွေ၊ စီးပွားရေး၊ နိုင်ငံရေး ပိတ်ဆို့မှုတွေနဲ့လူထုဆူပူအုံကြွမှုတွေ ဖန်တီးပြီး အာဏာရယူရေး ကြိုးပမ်းမှုတွေအစား တပ်မတော်အစိုးရကို မဟာမိတ်အဖြစ် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်ရေးကို လုပ်ဆောင်သင့်ပါတယ်။

စီးပွားရေးပိတ်ဆို့မှုတွေကြောင့် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့တဲ့ တိုင်းပြည်ရယ်လို့ ကမ္ဘာမှာ လက်ညှိုးထိုးပြစရာ တစ်ခုမျှမရှိသေးဘဲ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကူညီမှုကသာ ဒီမိုကရေစီနိုင်ငံတွေအဖြစ်သို့ အသွင်ကူးပြောင်းသွားခဲ့ကြတဲ့ တိုင်းပြည်တွေရဲ့ ဖြစ်စဉ်တွေကို အလေးအနက်ထား လေ့လာသုံးသပ်ပြီး စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုတွေကို တစ်ဆင့်ထက်တစ်ဆင့် တစ်နေ့တခြား တိုးမြှင့်လုပ်ဆောင်ပေးရန် တောင်းဆိုမှုတွေ ရပ်ဆိုင်းသင့်ပါတယ်။

နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကို လက်ခံပြီး ဖြစ်နိုင်သမျှ ရရာနေရာမှ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့ ထောက်ကူခြင်းတွေကသာ ယနေ့မြန်မာ့လူ့အဖွဲ့အစည်းအတွက် စစ်မှန်တဲ့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေး လမ်းစဉ်ဖြစ်ပါတယ်။

အဲဒီတော့ NLD အနေနဲ့ မိမိတို့ဖြစ်ချင်တာတစ်ခုတည်းကိုသာ မစဉ်းစားသင့်ပါဘူး။ ခုအချိန်ဟာ ၁၉၉၀ပြည့်နှစ်အချိန်ကထက် အခြေအနေအရပ်ရပ်မှာ အများကြီးပြောင်းလဲတိုးတက်လာခဲ့ပါပြီ။ ပကတိလက်ရှိ အခြေအနေနဲ့ကိုက်ညီတဲ့ တိုင်းပြည်ကို တကယ်အကျိုးပြုနိုင်မယ့် ဖြစ်သင့်တာတွေ အတော်များများ ဖြစ်လာအောင် သဘာဝကျကျ ဖြစ်နိုင်တာတွေကိုအတတ်နိုင်ဆုံးလိုက်လျောညီထွေ ကြိုးပမ်းဆောင်ရွက်သွားကြမယ်ဆိုရင်တော့ အတိုင်းထက်အလွန် တံခွန်နဲ့ ကုက္ကားဆိုသလို နိုင်ငံနဲ့ ပြည်သူလူထုအတွက် အကောင်းဆုံးဖြစ်နိုင်ကြောင်းပါခင်ဗျား။ ။

**မြန်မာနိုင်ငံရဲ့ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုဟာ ဒီနေ့ကာလလို အခြေအနေမျိုးကို ဘယ်ခေတ်ကမျှ မရခဲ့ပါဘူးဗျာ။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုကြည့်ရင်လဲ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၁၇ဖွဲ့နဲ့ အစုအဖွဲ့များစွာက ငြိမ်းချမ်းရေးရယူပြီး နိုင်ငံနဲ့အဝန်း ဒေသအလိုက် နိုင်ငံဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပြည်သူတွေနဲ့အတူ ကြိုးပမ်း တည်ဆောက်နေပါတယ်။**

# အမေရိကန် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေကိုမကျေနပ် လူရာထောင်ချီ၍ နိုင်ငံတစ်ဝန်း၌ ဆန့်ကျင်ဆန္ဒပြ

ဝါရှင်တန် ဧပြီ ၁၂

**အမေရိကန်နိုင်ငံတစ်ဝန်း၌ ဧပြီ ၁၀ ရက်က ရာထောင်ချီသော ပြည်သူများက အမေရိကန်၏ လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ဥပဒေတင်းကျပ်မှုအပေါ် ဆန့်ကျင်ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**

ဆန္ဒပြသူများက ယင်းတို့၏ မျိုးဆက်သစ်များ၊ ပြည်သူများ ရပိုင်ခွင့်အတွက် ဆန့်ကျင်လှုပ်ရှားခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေတင်းကျပ်မှုအပေါ်ဆန့်ကျင်ကန့်ကွက် ဆန္ဒပြနေသူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

**တောင်းဆို**

အမေရိကန်မြို့ကြီးများ၌ လူရာထောင်ချီသော ပြည်သူများက အမေရိကန်အလံများကို ဝှေ့ယမ်းလျက် သန်းပေါင်းများစွာသော တရားမဝင် ပြောင်းရွှေ့နေထိုင်သူများအတွက် ရပိုင်ခွင့်များကို တောင်းဆိုခဲ့ကြသည်။

**ချီတက်**

ဆန္ဒပြသူများက ၁၉၆၀ ပြည့်လွန်နှစ်များက ပြည်သူများ ရပိုင်ခွင့်နှင့် နှိုင်းယှဉ်လျက် ဆန္ဒပြခဲ့သည်။ နောက်ဆုံးချိန်အထိ မိမိသည်ကျမ်းစာအုပ်ကို ဖတ်ခဲ့ရာ နိုင်ငံကူးလက်မှတ်ကို စစ်ဆေးရန် မလိုအပ်ကြောင်း ပွာတိုရီကိုမှ လာသော ကာရိုးလ်ဗီဂါက ဝါရှင်တန်မြို့ ကွန်ဂရက်အဆောက်အအုံအနီး ချီတက်ဆန္ဒပြရာတွင် ပြောကြားသည်။

**ကိုင်ဆောင်**

ချီတက်ဆန္ဒပြသူ အများစုမှာ အဖြူရောင်တီရှပ်အင်္ကျီများကို ဝတ်ဆင်ထားကြပြီး မိမိတို့သည်အမေရိကန်နိုင်ငံသားများဖြစ်ကြသည် ဟူသော စာတမ်းများကိုင်ဆောင်ထားကြသည်။

**ဆန္ဒပြ**

အမေရိကန်အထက်လွှတ်တော်က မတ် ၇ ရက်က တရားမဝင် ဝင်ရောက်နေထိုင်သော လူပေါင်း ၁၁ ဒသမ ၅ သန်းခန့်ကို နိုင်ငံသားအဖြစ် လက်ခံသဘောတူညီရန် မအောင်မမြင်ဖြစ်ခဲ့ရပြီးနောက် ယခုကဲ့သို့ ဆန္ဒပြခြင်းဖြစ်သည်။

ဆန္ဒပြမှုသည် အမေရိကန်နိုင်ငံရှိ မြို့ကြီးမြို့ငယ် ၁၀၀တွင် ဖြစ်ပြီး ချီကာဂို၊ လော့စ်အိန်ဂျလိစ်၊ လက်စ်ဗီးဂတ်စ်၊ နယူးယောက်မြို့များ ပါဝင်သည်။ **(အင်တာနက်)**

# (၁၃)ကြိမ်မြောက် နိုင်ငံတကာစက်ရုပ်ပြိုင်ပွဲ တရုတ်နိုင်ငံအဖွဲ့မှ ရွှေသုံးခုဆွတ်ခူးရရှိ

နယူးယောက် ဧပြီ ၁၂

**ဧပြီ ၉ရက်က ဟတ်ဖို့မြို့ရှိ ထရီတီနီကောလိပ်၏(၁၃)ကြိမ်မြောက် အိမ်တွင်းမီးသတ်စက်ရုပ်ပြိုင်ပွဲတွင် တရုတ်အဖွဲ့က ရွှေသုံးခုဆွတ်ခူး ရရှိသွားသည်။**

ထရီတီနီကောလိပ်တွင် နှစ်စဉ်ကျင်းပသည့် အဆိုပါပြိုင်ပွဲသည် ကမ္ဘာတစ်ဝန်းရှိ အိမ်တွင်းစက်ရုပ်စိတ်ပါဝင်စားသူများအနက် ကြီးမားသည့် ဆောင်ရွက်ချက်တစ်ရပ်ပင်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲသို့ တရုတ်နိုင်ငံမှ ၁၅ ဖွဲ့နှင့်အတူအခြား ငါးနိုင်ငံမှ စက်ရုပ် ၁၀၀ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

**ရွှေဆုဆွတ်ခူး**

ရှန်ဟိုင်းမှကျောင်းသားများဖြစ်ကြသည့် ဒူတင်ဖေနှင့် ဒန်ဆီယိုကျန်တို့သည် အလယ်တန်းနှင့် အထက်တန်းကျောင်းအဆင့်ပြိုင်ပွဲတွင် ရွှေအသီးသီး ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး ရှန်ဟိုင်းမှ ကျောင်းဆရာဖြစ်သူ ပင်ယာအိုကျန်သည်လည်း ကျွမ်းကျင်မှု အမျိုးအစားပြိုင်ပွဲတွင် ရွှေဆု ဆွတ်ခူးရရှိခဲ့သည်။

**ရရှိ**

တရုတ်စက်ရုပ်များကို ၂၀၀၁ ခုနှစ်တွင် နိုင်ငံတကာ ဟတ်ဖို့ပြိုင်ပွဲ၌ ပထမဆုံးပွဲထုတ်ခဲ့ကြပြီး ရွှေနှစ်ခု ဆွတ်ခူးရရှိကာ ၂၀၀၃ ခုနှစ်ပြိုင်ပွဲတွင်လည်း ရွှေသုံးခု ဆွတ်ခူးရရှိခဲ့သည်။

**ပြောကြား**

ယခုနှစ်ပြိုင်ပွဲသည် ယှဉ်ပြိုင်သူများအတွက် စိန်ခေါ်မှုများနှင့် ပိုမိုကြုံတွေ့ရကြောင်း၊ လှေကားများ၊ ကော်ဇောများကဲ့သို့ ခက်ခဲသည့်ကိစ္စများ ထည့်သွင်းထားသဖြင့် ဘီးတပ်စက်ရုပ်များအတွက် ပိုမို ခက်ခဲစေကြောင်း တရုတ်အဖွဲ့ဝင် ၂၅ ဦး၏ ခေါင်းဆောင်ဆင်ယင်ကျီက ပြောကြားသည်။

**ယှဉ်ပြိုင်**

ယှဉ်ပြိုင်သူများသည် စက်ရုပ်များကို အဝေးထိန်းကိရိယာဖြင့် မထိန်းရဘဲ ကွန်ပျူတာဖြင့်သာ အသုံးပြုရကာ အိပ်ခန်းလေးခန်းအတွင်း မီးထွန်းထားသော ဖယောင်းတိုင်မီးကို ရှာကာ အမြန်ဆုံးငြိမ်းသတ်ခြင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဂွမ်ဒေါင်းပြည်နယ်တွင် ခရီးသည်တင် မီးရထားနှစ်စင်း တိုက်မိသည့်နေရာ၌ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဧပြီ ၁၁ရက်က တွေ့ရစဉ်။**

(အဆိုပါ ရထားနှစ်စင်း တိုက်မိရာတွင် ခရီးသည် ၂၀ကျော် ဒဏ်ရာရရှိပြီး သေဆုံးမှုများရှိခဲ့ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

# နိုင်ငံတကာ သတင်းများ

## ကုန်သွယ်ရေးဥပဒေချိုးဖောက်သည့် ကုမ္ပဏီများအား တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန အရေးယူမည်

ပေကျင်း ဧပြီ ၁၂

**တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ ဥပဒေနှင့်စည်းမျဉ်းများကို ချိုးဖောက်ကျူးလွန်သည့် ပြည်တွင်းကုမ္ပဏီများ၏ အမည်စာရင်းများကို ယခုနှစ်တွင် ကြေညာမည်ဟု ဆုံးဖြတ်ထားကြောင်း အဆင့်မြင့်ကုန်သွယ်ရေး အရာရှိတစ်ဦးက ဧပြီ ၁၀ ရက်တွင် ပြောကြားသည်။**

နိုင်ငံ၏ ဥပဒေနှင့်စည်းမျဉ်းများကို ချိုးဖောက်သည့် ကုမ္ပဏီအမည်စာရင်းများကို ကြေညာရန်အတွက် သီးသန့်တယ်လီဖုန်းလိုင်းများကို မကြာမီ ဖွင့်လှစ်တပ်ဆင်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားကုန်သွယ်ရေးဆိုင်ရာ ညွှန်ကြားရေးမှူး လူကျင်ဝေက ပြောကြားသည်။

ယင်းအစီအစဉ်အရ မသင်္ကာဖွယ်ကုမ္ပဏီများကို အရေးပေါ်စုံစမ်းစစ်ဆေးရာတွင် အမှားအယွင်း အပြစ်ရှိကြောင်း သေချာပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ အထူးဆောင်ရွက်မှုကို ကုန်သွယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန် အထွေထွေစီမံအုပ်ချုပ်ရေးဌာနနှင့် အခွန်စည်းကြပ်မှု စီမံအုပ်ချုပ်ရေးဌာနတို့အတူ ပူးပေါင်းကာ သွင်းကုန်အခွန်များကို ရှောင်တိမ်းနိုင်ရန် ၎င်းတို့၏ ပင်လယ်ရပ်ခြား စီးပွားဖက်များ သက်သာရေးကို ဆောင်ရွက်ပေးကြသည့် ပြည်တွင်းကုမ္ပဏီများအား မကြာမီစတင်တိုက်ဖျက်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံခြားကုန်သွယ်ရေး သန့်သန့်ရှင်းရှင်း ကြီးထွားဖွံ့ဖြိုးရေးအတွက် ကုန်သွယ်ရေးဝန်ကြီးဌာနသည် ယခုနှစ်တွင် တရားဝင်ကန့်သတ်မှုများနှင့် ဥပဒေပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ပိုမိုအသားပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း မစ္စတာလူက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ပြိုင်ပွဲဝင် ဆုရမီးသတ်စက်ရုပ်တစ်ရုပ်ကို ဤသို့ တွေ့ရသည်။**

(ဓာတ်ပုံ-အင်တာနက်)

## အင်္ဂါဂြိုဟ်မျက်နှာပြင် ဓာတ်ပုံဖြန့်ချိ

ဖလော်ရီဒါ ဧပြီ ၁၂

**နာဆာအဖွဲ့က အင်္ဂါဂြိုဟ်၏ မျက်နှာပြင်ပုံကို ၂၀၀၆ ခုနှစ် မတ် ၂၄ ရက်က ရိုက်ကူးပြီး ပထမဆုံး အကြိမ်အဖြစ် ရောင်စုံဓာတ်ပုံဖြင့် ဖြန့်ချိခဲ့ခြင်းဖြစ်သည်။**

ဧပြီ ၁၀ ရက်တွင် နာဆာအဖွဲ့က အဆိုပါအင်္ဂါဂြိုဟ်၏ဓာတ်ပုံကို ထုတ်ဝေခဲ့ပြန်ရာ အောက်ဖော်ပြပါပုံမှာ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ရိုဗာစပရစ် ဆောင်းရာသီတွင် လေ့လာမှုပြုလုပ်မည့်တောင်စွယ်နေရာတစ်ခုဖြစ်သည်။

နာဆာအဖွဲ့က အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ် ရိုဗာစပရစ် ကို အင်္ဂါဂြိုလ်သို့စေလွှတ်လျက် လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါ ရိုဗာစပရစ်ယာဉ်သည် နေရောင်ခြည်စွမ်းအင် ဆိုလာပြားများကို အသုံးပြုကာ ပြီးခဲ့သောလက မက်ကိုးလ်တောင်သို့ တက်ရောက်ကာ လေ့လာမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

**အင်္ဂါဂြိုဟ်**

**အင်္ဂါဂြိုဟ်၏မျက်နှာပြင် တစ်နေရာကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)





# နိုင် ငံ တ ကာ သ တင်း များ




ကျန်းမာရေးလုပ်သားများ လိုအပ်နေမှုအခြေပြဇယား

## ဂျပန်ကူးတို့သင်္ဘော ရောမငါးကြီးတစ်ကောင်နှင့် တိုက်မိ သင်္ဘောပေါ်မှ လူ၄၉ဦး ဒဏ်ရာရရှိခဲ့ရ

တိုကျို ဧပြီ ၁၂

**ဂျပန်ကူးတို့သင်္ဘောတစ်စင်း တနင်္ဂနွေနေ့က ဝေလငါးကြီးတစ်ကောင်နှင့် တိုက်မိပြီးနောက် သင်္ဘောပေါ်ရှိ လူ ၄၉ဦး ဒဏ်ရာရရှိသွားသည်။ ၎င်းတို့အနက် ၁၃ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။**

ခရီးသည်နှင့်သင်္ဘောဝန်ထမ်း ၁၀၀ကျော်လိုက်ပါသည့် နှစ်ထပ်သင်္ဘောသည် ကျူရှူးကျွန်းတောင်ပိုင်း ကာဂိုရှီးမားမြို့ အနီးတွင် ဝေလငါး သို့မဟုတ် ရောမငါးကြီး တစ်ကောင်နှင့် ဒေသစံတော်ချိန် ညနေ ၆နာရီတွင် တိုက်မိခြင်း ဖြစ်ကြောင်း ဒဏ်ရာအပြင်းထန်ဆုံးဖြစ်သူ လူခုနစ်ဦးကို အသက်ကယ်လှေဖြင့် ကမ်းပေါ်သို့ သယ်ယူပို့ဆောင်ပေးခဲ့သည်။

**အခြေအနေ**

ကူးတို့သင်္ဘောကို ဆိပ်ကမ်းသို့ ဆွဲယူရမည့်အခြေအနေရှိသည်ဟု သိရသည်။ **(အင်တာနက်)**

## ဆင်းရဲသည့်နိုင်ငံများ၌ ကျန်းမာရေးလုပ်သားများ အထူးလိုအပ်နေ ဆင်းရဲချမ်းသာကွာဟမှု လူ့သက်တမ်းထက်ဝက်ကွာ

ဂျီနီဗာ ဧပြီ ၁၂

**ကမ္ဘာတစ်ဝန်းတွင် အခြေခံအကျဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုကိုပင် မရရှိသည့် ပြည်သူပေါင်း အနည်းဆုံး ၁ ဒသမ ၃ဘီလီယံရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် သူတို့ဒေသ သူတို့နေရာတွင် ကျန်းမာရေးလုပ်သား မရှိသည့် ပြဿနာနှင့် မကြာခဏကြုံတွေ့နေရ၍ ဖြစ်ကြောင်း သိရသည်။**

ကျန်းမာရေးလုပ်သား အလိုအပ်ဆုံး နိုင်ငံများတွင် ကျန်းမာရေးလုပ်သားများကို အလုံအလောက် လေ့ကျင့်သင်ကြားပေးပြီး အင်အားစုစည်းထားနိုင်ခြင်း မရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို) လက်ထောက်ညွှန်ကြားရေးမှူး တင်မသီအီဗန်းက ပြောကြားသည်။

**လုပ်သားအင်အား**

အာဖရိကတိုက် ဆာဟာရတောင်ပိုင်းဒေသတွင် ကမ္ဘာ့လူဦးရေ၏ ၁၁ရာခိုင်နှုန်း နေထိုင်သည့်အပြင် တစ်ကမ္ဘာလုံးဆိုင်ရာ ရောဂါဘယဝန်ထုပ်ဝန်ပိုး၏ ၂၄ရာခိုင်နှုန်းကို ထမ်းနေရသော်လည်း ထိုဒေသတွင် ကမ္ဘာ့ကျန်းမာရေးလုပ်သားအင်အား၏ သုံးရာခိုင်နှုန်းသာရှိသည်ဆို၏။ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများမှ ပြည်သူတို့၏ သက်တမ်းမှာ ချမ်းသာသောနိုင်ငံများမှ ပြည်သူတို့၏ သက်တမ်းထက် ထက်ဝက်မျှသာ ရှည်သည်။

**လျော့ပါးရခြင်း**

ဆင်းရဲသောနိုင်ငံများမှ ကျန်းမာရေးလုပ်သားများမှာ ချမ်းသာသော နိုင်ငံများသို့ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းအလုပ်လုပ်သည့်အတွက် ပညာရှင် လျော့ပါးမှုပြဿနာ ကြုံတွေ့ရသဖြင့်လည်း ကျန်းမာရေးလုပ်သားများကိုလည်း နေရာတွင် ရှင်နည်းရာ အဂ္ဂလူထွက်ဆိုသလို ကျန်းမာရေးလုပ်သားများ လျော့ပါးရခြင်းဖြစ်သည်။

**ရေးဆွဲ**

ယခုအခါ ဒဗလျူအိတ်ချ်အိုက ၁၀နှစ်စီမံကိန်းတစ်ရပ်ကို ရေးဆွဲလိုက်သည်။ အနောက်အုပ်စု ချမ်းသာသော နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျန်းမာရေးလုပ်သားများကို မဆွယ်ကြရန်လည်း တိုက်တွန်းလိုက်သည်။ **(အင်တာနက်)**

## ကမ္ဘာတစ်လွှား ထူးထူး ခြားခြား

### မော်တော်ယာဉ်ကို ခေါင်းပေါ်တွင် ရွက်ပြသူ

**မော်တော်ယာဉ်တစ်စီးကို လူတစ်ဦးက ဦးခေါင်းပေါ်တွင် ရွက်ပြထားစဉ်။** (အောက်ပုံ)

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဟိုင်းမြို့တွင် ဖာကူလပ်စ်အမည်ရှိ အမျိုးသားတစ်ဦးက မော်တော်ယာဉ်တစ်စီးလုံးကို သူ၏ ဦးခေါင်းပေါ်တွင် အချိန်ကြာမြင့်စွာ ရွက်ထားနိုင်ကြောင်း ပြသခဲ့သည်။ ၎င်းသည် ဘီယာသေတ္တာ ၄၉လုံးနှင့် အမျိုးသမီးတစ်ဦးပါရှိသည့် လှေတစ်စင်းကိုလည်း သူ၏ဦးခေါင်းဖြင့် ရွက်ပြနိုင်ခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**

### ခဲတံများဖြင့် ပြုလုပ်ထားသည့် မျှော်စင်

**ခဲတံအချောင်းပေါင်းများစွာဖြင့် ပြုလုပ်ထားသော ကမ္ဘာ့အမြင့်ဆုံး မျှော်စင်တစ်ခုကို တွေ့ရစဉ်။** (အပေါ်ပုံ)

အဆိုပါမျှော်စင်ကို လန်ဒန်မြို့၌ ပြသထားခြင်းဖြစ်ပြီး ခဲတံပေါင်း ၁၄၆၆ဖြင့် ပြုလုပ်ထားရာ အမြင့်မှာ ခုနစ်ပေ နှစ်လက်မခွဲ အမြင့်ရှိကြောင်း သိရသည်။ ၎င်း မျှော်စင်သည် ကမ္ဘာပေါ်၌ ခဲတံများဖြင့် ပြုလုပ်ထားသော မျှော်စင်များတွင် အမြင့်ဆုံး ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

## ဗြိတိန်ကလေး တစ်သိန်းခန့် ကြက်ငှက်တုပ်ကွေးကြောင့် သေဆုံးနိုင်ဟုဆို

**လန်ဒန် ဧပြီ ၁၂**

လူများထံကူးစက်သည့် ကြက်ငှက်တုပ်ကွေးရောဂါသည် ဗြိတိန်ရှိ ကလေး ၁၀၀၀၀၀ခန့်ကို သေစေနိုင်ကြောင်း၊ ယင်းရောဂါကြောင့် ကျောင်းများ ပိတ်ပစ်ရန် အစီအစဉ်ကို အကြံပြုသည့် အစိုးရကျန်းမာရေးအကြံပေး အရာရှိတစ်ဦးက ပြောကြားကြောင်း ဆန်းဒေးတိုင်းမ်သတင်းစာက ဧပြီ ၉ရက်တွင် ဖော်ပြသည်။

အဆိုပါ ဗိုင်းရပ်စ်ပိုးကူးစက်ခံရလျှင် ကျောင်းနေအရွယ် ကလေးများ သေဆုံးမှုသည် ၁၀၀၀၀၀ခန့်အထိရှိသွားနိုင်ကြောင်း အစိုးရကျန်းမာရေးအကြံပေးအရာရှိ လီယမ်ဒိုနယ်လ်ဆင်က ပညာရေးဝန်ကြီးအား ပေးစာတွင် ရေးသားချက်များကို သတင်းစာက ဖော်ပြခဲ့သည်။

ယင်းအတွက် ကျောင်းများပိတ်လိုက်ခြင်းဖြင့် ကလေး ၅၀၀၀၀သေဆုံးမှုကို ကာကွယ်နိုင်မည့် အလားအလာရှိသွားနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းအကြောင်းများကြောင့် ကျောင်းများကို တစ်စိတ်တစ်ပိုင်း သို့မဟုတ် တစ်နိုင်ငံလုံးပိတ်ပစ်ရန် စီစဉ်သင့်သည်ဟု မိမိအကြံပြုရမည်ဖြစ်ကြောင်း ပေးစာတွင် ၎င်းက ရေးသားဖော်ပြခဲ့သည်။

ဗြိတိန်သည် လွန်ခဲ့သည့် တစ်ပတ်က စကော့တလန်အရှေ့ပိုင်းရှိ ဆဲလ်လာဒိုက်ဆိပ်ကမ်း၌ ငန်းတစ်ကောင် $H_5N_1$ ဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးနေကြောင်း ပထမဆုံးသတင်းရရှိခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# အင်တာနက် သကြၤန်နှင့် ရေကစားပွဲတော်

**စုစည်းတင်ဆက်သူ - မောင်မောင်မြင့်ဆွေ (မြန်မာ့အလင်း)**

ဗန်ကောက် ဧပြီ ၁၂

ရေကစားပွဲတော်ကို အာရှတိုက်နိုင်ငံ အချို့တွင် ကျင်းပလျက်ရှိရာ ထိုင်းနှစ်သစ်ကူးပွဲတော် သို့မဟုတ် ဆွန်ကရန် ရေကစားပွဲတော်ကို နှစ်စဉ်

လူငယ် လူရွယ်နှင့် လူကြီးများပါမကျန် တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းကြသလို ရေပက်ခံမော်တော်ယာဉ်များနှင့်လည်းတပျော်တပါးဆင်နွှဲကြသည်။ ပွဲတော်ရက်အတွင်း ရိုးရာမုန့်များ

**စည်းကမ်းထိန်း**

ထိုင်းနှစ်သစ်ကူး ရေကစားပွဲတော်သည် နှစ်စဉ်မော်တော်ယာဉ် မတော်တဆဖြစ်မှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပွားလျက်ရှိရာ ယခင်နှစ်က

**ထိုင်းနှစ်သစ်ကူး ရေကစားပွဲ တော် တွင် ပါဝင် ဆင်နွှဲနေ သူ များကို ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံ- အင်တာနက်)

**ထိုင်းနှစ်သစ်ကူး ရေကစား ပွဲ တော် တွင် ယဉ်ကျေး သိမ်မွေ့စွာ ရေကစား နေသူများကို တွေ့ရစဉ်။**
(ဓာတ်ပုံ- အင်တာနက်)

**ပါကစ္စတန်**

အိန္ဒိယနည်းတူ ပါကစ္စတန်နိုင်ငံတွင်လည်း ရေကစားပွဲတော်ကို ကျင်းပလေ့ရှိကြောင်းသိရသည်။ ပါကစ္စတန် သော်လည်း လူငယ်အများအပြားက ရေခွက်များ၊ ရေပိုက်များဖြင့် ရေပက်ဖျန်းခြင်း ဖြစ်သည်။ ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ရပ်အဖြစ် နှစ်စဉ် ကျင်းပ

အာရှရှိ အချို့နိုင်ငံများလည်း ရေကစားပွဲတော်များ စတင်ကျင်းပရန် စီစဉ်လျက်ရှိရာ မလေးရှားနိုင်ငံသည်လည်း ရေကစားပွဲတော်တစ်ရပ်ကို

**အိန္ဒိယနိုင်ငံ အမီဒါဘတ်မြို့ ဟိုလီပွဲတော်တွင် ရေကစားနေကြသူများ။**
(ဓာတ်ပုံ- အင်တာနက်)

ဧပြီလအတွင်း ကျင်းပပြီး ယခုနှစ်တွင် ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ ကျင်းပမည်ဖြစ်သည်။ အချို့ဒေသများတွင် ဧပြီ ၁၂ရက်မှ စတင်ကာ ၁၀ရက်ကြာသည်အထိ တပျော်တပါး ဆင်နွှဲကြသည်။

ပြုလုပ်၍ ပတ်ဝန်းကျင်နေအိမ်များကို ဝေငှခြင်းအပြင် အနီးရှိ ဘုန်းတော်ကြီးကျောင်းများသို့လည်း ပို့ဆောင်လှူဒါန်းလေသည်။

ထိုင်းနှစ်သစ်ကူး ရေကစားပွဲတော် အစည်ကားဆုံးမှာ ဗန်ကောက်၊ ချင်းမိုင်နှင့် ထိုင်းနိုင်ငံမြောက်ပိုင်း ပြည်

ရေကစားပွဲတော်အတွင်း သေဆုံးသူ ၁၃၈ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ စုစုပေါင်း ၈၁၀ရှိခဲ့ရာနှစ်စဉ် မတော်တဆဖြစ်ရပ်များ တိုးတက်ဖြစ်ပွားနေသဖြင့် အာဏာပိုင်များက စည်းကမ်းများ ထုတ်ပြန်ကာ ကြပ်မတ်ထိန်းသိမ်းရလျက်ရှိသည်။

**ရှေးရိုးရာ**

ဆွန်ကရန် ရေကစားပွဲတော်ကို လွန်ခဲ့သည့် ၁၉၄၀ ပြည့်နှစ် မတိုင်မီ နှစ်ပေါင်း များစွာကပင် ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ရှေးရိုးရာ ယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်တစ်ရပ်ဖြစ်သည်။ ထိုင်းတို့၏ အယူအဆမှာ နှစ်ဟောင်းမှ နှစ်သစ်ကို ကူးပြောင်းရာတွင် ရေနှင့် သန့်စင် ဆေးကြောခြင်းဖြစ်သည်ဟု ဆိုသည်။ ရေကစားပွဲတော်မတိုင်မီ ဧပြီ၁၂ရက် နေ့တွင် မိမိတို့၏ နေအိမ်များကို ဆေးကြောကာ သန့်ရှင်းရေး ပြုလုပ်ကြသကဲ့သို့ ပတ်ဝန်းကျင်တွင်လည်း သန့်ရှင်းရေးလုပ်ဆောင်ကြသည်။

ထို့အပြင် မိမိတို့၏ နေအိမ်ရှေ့များတွင် ဆီမီးများ ပူဇော်ထွန်းညှိကာ ဆုတောင်းခြင်းများ ပြုလုပ်ကြသည်။ ဧပြီ၁၃ရက်မှ စတင်ကာ ထိုင်းနှစ်ကူး ရေကစားပွဲတော် စတင်လေသည်။

**ပါကစ္စတန်နိုင်ငံ မူတန်မြို့တွင် အရောင်များပါဝင်သည့် ရေ များ ဖြင့် ပက် ဖျန်း ကာ ပျော် ရွှင် စွာ ဆင်နွှဲနေသူများကို တွေ့ရစဉ်။**
(ဓာတ်ပုံ- အင်တာနက်)

နယ်များတွင်ရှိသော မြို့ကြီးများတွင်ဖြစ်သည်။ ထိုင်းနိုင်ငံအတွင်းရှိ ဗုဒ္ဓဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊ သန့်ရှင်းရေး ပြုလုပ်ခြင်းများကိုလည်း ပွဲတော်ရက်အတွင်း ပြုလုပ်ကြမြဲဖြစ်သည်။

**အိန္ဒိယ**

ထို့အတူ ရေကစားပွဲတော်ကို အိန္ဒိယနိုင်ငံ အချို့မြို့ကြီးများတွင် နှစ်စဉ် မတ်လအတွင်း ပြုလုပ်လေ့ရှိရာ အထူးသဖြင့် အိန္ဒိယနိုင်ငံ အနောက်ပိုင်း အမီဒါဘတ်မြို့၌ အစည်ကားဆုံးဖြစ်သည်။ ဟိုလီပွဲတော်ဟု အမည်ပေးထားသော ရေကစားပွဲတော်တွင် လူငယ် လူကြီးများက တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

နှစ်သစ်ကူး ရေကစားပွဲတော် မဟုတ်သော်လည်း ရိုးရာဓလေ့ ယဉ်ကျေးမှု ပွဲတော်တစ်ရပ်အနေဖြင့် မတ်လလယ်ခန့်တွင် နှစ်စဉ်ကျင်းပခြင်းဖြစ်ပြီး ရေထဲတွင် အရောင်များ ရောစပ်ကာ လူများအား ပက်ဖျန်းခြင်းဖြစ်သည်။ အရောင်များ ပါဝင်သော ရေများဖြင့် ပက်ဖျန်းခြင်းခံရပါက ကျန်းမာရေးကောင်းခြင်း၊ ကံကောင်းစေခြင်းနှင့် ပျော်ရွှင်ကြည်နူးခြင်းများကို ဖြစ်ပေါ်စေသည်ဟုဆိုသည်။

နိုင်ငံတွင်လည်း နှစ်စဉ်မတ်လ ဒုတိယအပတ်အတွင်း ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ရပ်အဖြစ် ပြုလုပ်ခြင်းဖြစ်သော်လည်း နှစ်သစ်ကူးအထိမ်းအမှတ် ကျင်းပသည့် ရေကစားပွဲတော်တစ်ရပ် မဟုတ်ချေ။

ပါကစ္စတန် ရေကစားပွဲတော်ကို လူငယ်အများစုက ပါဝင်ဆင်နွှဲခြင်းဖြစ်ပြီး ရေထဲတွင် ပေါင်ဒါမှုန့်များ၊ အရောင်မျိုးစုံအမှုန့်များဖြင့် ထည့်သွင်းကာ ရေခွက်များ၊ ရေပိုက်များ၊ ပြွတ်တံများဖြင့် ပက်ဖျန်းခြင်း ဖြစ်သည်။ အဆိုပါပွဲတော်ကို မူတန်မြို့အပါအဝင် မြို့ကြီးအချို့၌ လူငယ်များက တပျော်တပါး ပါဝင်ဆင်နွှဲလေ့ရှိကြသည်။

**နီပေါ**

ထို့အတူ နီပေါနိုင်ငံတွင်လည်း ယခုသီတင်းပတ်အတွင်း ရေကစားပွဲတော် ဆင်နွှဲလျက် ရှိသည်။ နှစ်သစ်ကူးပွဲတစ်ရပ်အဖြစ် ကျင်းပခြင်းမဟုတ်

ခြင်းဖြစ်ပြီး ရေထဲတွင် အန္တရာယ်မရှိသော အရောင်မှုန့်များ ထည့်သွင်းပက်ဖျန်းခြင်း ဖြစ်သည်။ နီပေါနိုင်ငံရှိ ခတ္တမန္ဒူမြို့နှင့် အခြား မြို့ကြီးများတွင် ကျင်းပခြင်းဖြစ်ပြီး ကျန်းမာရေးကောင်းမွန်ခြင်းနှင့် သန့်ရှင်းစင်ကြယ်စေရန်တို့အတွက် ရည်ရွယ်ပြီး ကျင်းပခြင်း ဖြစ်သည်။

**စပိန်**

စပိန်နိုင်ငံတွင် အာရှနိုင်ငံအချို့ကဲ့သို့ မဟုတ်သော်လည်း ခရမ်းချဉ်သီးများကို တစ်ဦးနှင့်တစ်ဦး ပစ်ပေါက်ကစားပြီး ခရမ်းချဉ်သီးဖျော်ရည်များ ထည့်သွင်းထားသော အိုင်များတွင် တစ်ကိုယ်လုံးနစ်မြုပ်ကာ ပျော်ရွှင်စွာ ဆင်နွှဲသော ခရမ်းချဉ်သီးပွဲတော်ကို နှစ်စဉ်ဩဂုတ်လအတွင်း ကျင်းပကြောင်း သိရသည်။ ၎င်းပွဲတော်မှာ ကမ္ဘာပေါ်တွင် ခရမ်းချဉ်နှင့်ပတ်သက်သော ပွဲတော်များ၌ အကြီးကျယ်ဆုံးသော ပွဲတော်တစ်ခုပင် ဖြစ်သည်။

ယခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပသွားရန် စီစဉ်နေပြီ ဖြစ်သည်။ မလေးရှားမြို့ကြီးများတွင် ရေကစားပွဲတော်များကို ရက်သတ်မှတ်၍ တစ်နိုင်ငံလုံးအနေဖြင့် ရက်ရှည်ကျင်းပသွားမည်ဖြစ်သည်။

**တရုတ်**

ထို့အတူ တရုတ်နိုင်ငံအချို့မြို့ကြီးများတွင်လည်း ရေကစားပွဲတော်များ ဧပြီ ၁၁ရက်မှစတင်ကာ ကျင်းပလျက်ရှိပြီးနှစ်စဉ်ဧပြီလလယ်၌ ကျင်းပခဲ့ခြင်းဖြစ်ရာ ယခုအခါ တရုတ်နိုင်ငံမြို့ကြီးများ၌ ပြည်သူများ ရေကစားပွဲတော်တွင် နွှဲပျော်လျက်ရှိနေပေပြီ။

ရေကစားပွဲတော်သည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှုပြုရာတွင် ထိရောက်သော ပွဲတော်တစ်ရပ်လည်းဖြစ်ရာ ကမ္ဘာ့နိုင်ငံများ၌ ရေသဘင်ပွဲတော်ကျင်းပသော နိုင်ငံများ တဖြည်းဖြည်း တိုးပွားများပြားလာဖွယ်ရှိကြောင်း သိရသည်။ ။

**(ကိုးကား-အင်တာနက်)**

**ထိုင်းနှစ်သစ်ကူး ရေကစားပွဲတော်တွင် ဆင်များဖြင့် ရေကစားနေကြသည်ကို ဤသို့တွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)

**နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ရေပက်ကစားနေသော လူငယ်လေးများ။**
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့် ဤကဲ့သို့ အကအလှတို့မှာ ပန်းတင့်လိုက်ဖက်ညီလှသည်။ (မြန်မာ့အလင်း)

● ကျောဖုံးမှ

စည်းကမ်းတကျပျော်ရွှင်စွာ ဆင်နွှဲကြရမည်သာဖြစ်သည်။ သင်္ကြန်ပွဲတော်နွှဲပျော်မည့် ရေပက်ခံမော်တော်ယာဉ်များအနေဖြင့်လည်း သတ်မှတ်ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို ဂရုပြု လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပေသည်။

ရေပက်ခံထွက်မည့် မော်တော်ယာဉ်များကို မောင်းနှင်မည့် ယာဉ်မောင်းများအပြင် ပွဲတော်ရက်အတွင်း ယာဉ်မောင်းများအနေဖြင့် မူးယစ်သောက်စားပြီး မမောင်းရ၊ စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ မော်တော်ယာဉ်များ အိပ်ဇောပိုက် ဖြုတ်မမောင်းရ၊ ယာဉ်နံပါတ်ပြားမပါရှိဘဲမမောင်းရတို့အပြင် ယာဉ် ယာယီနံပါတ်များဖြင့်လည်း ရေပက်ခံထွက်ခွင့်မပြုကြောင်း စည်းကမ်းချက်များထုတ်ပြန်ထားရာ သတ်မှတ်ထားသော စည်းကမ်းများအတိုင်း လိုက်နာကြရမည်ဖြစ်သည်။

**ပျော်ရွှင်စွာဆင်နွှဲ**

မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသဘင်ပွဲတော်သည် စနစ်တကျဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြရမည့် ပွဲတော်ဖြစ်ရာ ယာဉ်နံပါတ်အတုများ တပ်ဆင်ခြင်း၊ ယာဉ်၏ ဘေးတံခါးများနှင့် နောက်ဖုံးများဖြုတ်ပြီး မောင်းနှင်ခြင်း၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်မပါရှိဘဲ မောင်းနှင်ခြင်း၊ ယာဉ်များ၌ နိုင်ငံတကာအလံများ တပ်ဆင်ခြင်းများကို မပြုလုပ်ရသည့်အပြင် ဟွန်း လုံးဝတီးခွင့်ပြုမည် မဟုတ်ကြောင်း တားမြစ်ချက်များ ဖောက်ဖျက်ကျူးလွန်ပါက ဒဏ်ငွေ ကျပ် ၅၁၅၀၀ ပေးဆောင်ရမည်ဟု သက်ဆိုင်ရာက သတိပေးကြေညာထားသည်။

**ဘေးကင်းစွာ**

ပြည်သူတို့အနေဖြင့် သင်္ကြန်ပွဲတော်ကို ဘေးကင်းစွာ ဆင်နွှဲရန်နှင့် မလိုလားအပ်သော ခိုက်ရန်ဖြစ်ပွားမှုများ မဖြစ်ပွားရန်အတွက် သင်္ကြန်မဏ္ဍပ်တိုင်းတွင် လုံခြုံရေးဝန်ထမ်းများ ယခင်နှစ်ကထက် ပိုမိုချထားပေးမည်ဖြစ်ရာ ရေကစားသူများအတွက် အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးထားခြင်း ဖြစ်သည်။

**ဖျော်ဖြေပွဲ**

သင်္ကြန်ပွဲတော်တွင်း မဏ္ဍပ်များ၌ နာမည်ကျော်အဆိုတော်များနှင့် ရုပ်ရှင်သရုပ်ဆောင်များလည်း လာရောက်ဆင်နွှဲဖျော်ဖြေကြမည်ဖြစ်သည်။ တချို့ရုပ်ရှင်သရုပ်ဆောင်များ အနေဖြင့် မန္တလေး၊ တောင်ကြီး စသည့်မြို့များသို့ သွားရောက်ဆင်နွှဲကြမည်ဖြစ်သကဲ့သို့ တချို့ကလည်း ရန်ကုန်တွင် အစွမ်းကုန် ဖျော်ဖြေကြမည်ဖြစ်သည်။

**မြို့တော်ဝန်မဏ္ဍပ်**

ထို့အတူ ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်၌ သင်္ကြန်ယိမ်းအက ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ယခင်နှစ်များကအတိုင်း ကြိုတင်ပြိုင်ပွဲဝင်ခြင်း မဟုတ်ဘဲ စင်ပေါ်တွင် တစ်ခါတည်း ပြိုင်ပြီး အမှတ်ပေးရွေးချယ်သွားမည်ဟု သိရသည်။ ပြိုင်ပွဲဆုငွေအဖြစ် ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းခွဲနှင့် တတိယဆု ကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။ ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်၌ နိုင်ငံကျော် တေးသံရှင်များ၏ ဖျော်ဖြေသီဆိုမှုများကို သင်္ကြန်ပရိသတ်တို့ ခံစားကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

**မန္တလေး**

ထို့အတူ မန္တလေးမြို့တော်ဝန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသူလေးများက ဖွင့်ပွဲအကများဖြင့် ဖျော်ဖြေဖွင့်လှစ်မည်ဖြစ်ပြီး မန္တလေးမြို့တော်ဝန်မဏ္ဍပ်ကို လာရောက် ရေကစားသူများ အမှတ်တရလက်ဆောင်များနှင့် ကျွေးမွေးဧည့်ခံမှုများ ပြုလုပ်သွားမည်ဟု ကြားသိရသည်။

**ဟိုတယ်ကြီးများ**

ထို့အပြင် ရန်ကုန်ရှိ ဟိုတယ်ကြီးများကလည်း သင်္ကြန်ပွဲတော် အထူးအစီအစဉ်များရေးဆွဲကာ အရောင်းမြှင့်တင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲတော်ရက်အတွင်း လာရောက်တည်းခိုသူများအား အထူးလျှော့ဈေးများ သတ်မှတ်ပြီး ဝန်ဆောင်မှုများပေးရန် စီစဉ်ထားသည်။

ယခုနှစ်တွင် ထူးခြားသည်မှာ သင်္ကြန်ပွဲတော်ရက်အတွင်း ပုဂ္ဂလိကဆေးခန်းကြီးအချို့ ပိတ်ရက်မရှိ ၂၄ နာရီ ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ရွှေဂုံတိုင် အက်စ်အက်စ်စီ၊ ဗဟိုစည် အထူးကုဆေးခန်း၊ အာရှတော်ဝင်၊ သုခကမ္ဘာနှင့် ယူအိပ်ချ်စီတို့က ပြည်သူတို့၏ ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းမှ အထူးအစီအစဉ်ဖြင့် ဝန်ဆောင်မှုပေးကြမည်ဟု သိရသည်။

**တိုးချဲ့ပြေးဆွဲ**

သင်္ကြန်ပွဲတော်ရက်အတွင်း ပြည်တွင်းလေကြောင်းခရီးစဉ်များကို အထူးသက်သာသောဈေးနှုန်းများ သတ်မှတ်ပြီး ပြေးဆွဲပေးလျက်ရှိပြီး မီးရထားနှင့် မော်တော်ယာဉ် ခရီးစဉ်များကိုလည်း နိုင်ငံတစ်ဝန်း ပြည်သူတို့သွားလာရေး အဆင်ပြေစေရန်လည်း အထူးရထားနှင့် ယာဉ်များ တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်သည်။

**ကြေညာချက်**

မြန်မာ့ရိုးရာယဉ်ကျေးမှုရေသဘင်ပွဲတော်တွင် ရေကစားသူများနှင့် ရေပက်ခံထွက်သူများကို သတိပေးကြေညာချက်များ ထုတ်ပြန်ထားရာ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုများ၊ ပြောဆိုမှုများ၊ အချင်းချင်း အန္တရာယ်ဖြစ်စေနိုင်သော ကြမ်းတမ်းသည့် ရေကစားမှုများ၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြောဆိုခြင်းများမပြုလုပ်ကြရန် မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီက သတိပေးနှိုးဆော်ချက်များထုတ်ပြန်ထားသည်။

ထို့အပြင် အရက်၊ ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည် ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းတို့ မပြုလုပ်ရန်လည်း သတိပေးချက် ထုတ်ပြန်ထားသည့်အပြင် အန္တရာယ်ဖြစ်စေသည့် ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်၊ ဂက်စ်ဘူးများဖြင့် ကစားပါက ထောင်ဒဏ်၊ ငွေဒဏ်များ ချမှတ်အရေးယူသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်အတွင်း ဘေးအန္တရာယ်ကင်းကင်းဖြင့် စည်းကမ်းတကျ ပျော်ရွှင်စွာဆင်နွှဲကြရန်နှင့် နှစ်ဟောင်းမှ နှစ်သစ်အကူး ကြည်နူးပျော်ရွှင် စိတ်ကြည်လင်စွာဖြင့် ရိုးရာ အတာရေသဘင်ပွဲကို ဆင်နွှဲကြပါရန် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

## မြန်မာ့ရေစင် အတာသဘင်

* နေခြည်မှာရွှေရည်ဝင်း
သွတ်သွင်းကြ သာသနာ၊
ဒို့မြန်မာဘုံကောင်းမှု
ရှင်ပြုမင်္ဂလာ။

* ထီးတန်းကြီးက ထိန်ထိန်သာ
ရွှဲလိုက်ကာ သာဘိကြောင်း၊
မြတ်ဗုဒ္ဓစိန္တေမှာ
သာသနာ့အမွေတောင်း။

* ပိတောက်နှင့်ငုဝါ
တုယှဉ်ကာပြိုင်လျက်၊
တစ်နှစ်တစ်ခါ အလှထူးလို့
နှစ်ဦးနှုတ်ဆက်။

* ဘိုးဘိုးနှင့် ဘွားဘွားတွက်
ခွန်အားဆက်ရေကိုလှူ၊
ဒို့မြန်မာစိတ်ကြည်သန့်
မွေးနံ့လှိုင်ကြူ။
လုပ်အားရဲ့အလှူ
ကြည်ဖြူလို့ သဒ္ဓါကဲ၊
ဒို့မြန်မာအခွင့်ကောင်းလေမို့
နှစ်ဟောင်းက အညစ်ကြေးကို
ဆေးကြောကြမြဲ။

* ဘုရားမြတ် ဘဂဝါ
ရေသီတာ သပ္ပာယ်ကြ၊
သည်ဘဝလွန်၍
အဆုံးစွန်နိဗ္ဗူလမ်းကို
မျှော်မှန်းတောင့်တ။

* ဗေတိုးပတ် ဗေတိုးပတ်
ခပ်ပြတ်ပြတ် အသံမြည်၊
ရွာလယ်က အလှူမဏ္ဍပ်
ဒိုးပတ်သံစည်။
မိုးပြဲဒယ်ကြီး အလယ်တည်
စတုဒိသာစုပေါင်း၊
ရွှေမောင်းသံတဒူဒူနှင့်
ဒို့မြန်မာဓလေ့စရိုက်
နှစ်ခြိုက်ဖွယ်ကောင်း။

* အိုးစည်သံ အရိုင်က
မြိုင်သမျှ အယဉ်ပို၊
တစ်နှစ်တစ်ခါ အတာပွဲ
နွှဲကြသကို။
ဇောစိတ်တွေကပို
လုလင်ပျို ရေပက်လောင်း၊
လှပျိုဖြူ ငါးလွှတ်အပေးမှာ
အေးမြစေကြောင်း။

* ဒို့မြန်မာ ဒို့ရိုးရာ
အစဉ်အလာ ဒို့မမေ့၊

* ဒို့ယဉ်ကျေးမှု ဘယ်မယိမ်းအောင်
ထိန်းသိမ်းမယ်လေ့။ ။

**မောင်ရည်တင့် (မအူပင်)**

ဗဟန်းမြို့နယ် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ဝက်ပါ) မူကြိုကျောင်းသူကလေးများ ၁၃၆၇ ခုနှစ် အတာသင်္ကြန်တွင် ချစ်စရာအကသင်္ကြန်နှင့် မူကြိုယိမ်းအက ပါဝင်ဖျော်ဖြေယှဉ်ပြိုင်ရန် ၁၂ ဦးယိမ်းအကများဖြင့် ဤသို့လေ့ကျင့်ခဲ့ကြသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## မဟာသင်္ကြန်ပွဲတော်အကြို ဒို့ကျေးရွာဖြန့်ချိ

**ရန်ကုန် ဧပြီ ၁၂**

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းချိန် နှစ်သစ်ဦးအချိန်ကာလတွင် ကျေးလက်နေတောင်သူဦးကြီးများ သာယာမှုအပေါင်းအား ခံစားရယူနိုင်ပါစေရန် ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၈)ကို ဧပြီ ၁၅ရက် (သင်္ကြန်အကြတ်နေ့)တွင် ထုတ်ဝေဖြန့်ချိမည်ဖြစ်သည်။**(ယာပုံ)**

ယခု အပတ်ဂျာနယ်တွင် စပါးလင်ဆီမွှေးနဲ့ နိုင်ငံခြားဝင်ငွေရှာကြစို့၊ မြန်မာ့ရိုးရာ စားစရာလက်ဖက်၊လယ်မြေအကြောင်း တစေ့တစောင်း၊ အတာကူးသည့် တန်ခူးအခါ၊ ကျွဲနွားချောင်းဆိုးသွေးပါ ရောဂါ၊ ရေချိုငါးပုစွန် တိုးချဲ့မွေးမြူကြမည်၊ ဟန်ဆောင်ကောင်းသည့်ငှက်၊ ကျွန်တော်ကျွဲသမား၊ ဦးနှောက်ကြည်လင်ဗာဒံဆီ၊ ကရင်တိုင်းရင်းသားတို့ ဖားစည်၊ ညီမလေးတို့အတွက် အလေးထားစရာစသည့် ဝတ္ထု၊ ဆောင်းပါး၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူနိုင်ပြီး ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် ၃၀-၃၂၊ ၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

**သတိ**

**အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်သည်။**

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ကသာခရိုင် ထန်းတောရွာ ကျောင်းသား ကျောင်းသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအတွက် ဗလာ စာအုပ်၊ ဂျာနယ်နှင့် အားကစား ပစ္စည်းများကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခရမ်းစပ်ကုန်း မိုင်တိုင် ၄၄/၄ မိုင် ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ရွှေဘိုခရိုင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းမှူးဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ကျေးရွာပြည်သူများအနေဖြင့် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမှသာ ကုန်စည်စီးဆင်းမှု မြန်ဆန်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာပြည်သူများအနေဖြင့် လမ်းများမပျက်စီးစေရေး ဝိုင်းဝန်း ထိန်းသိမ်းပေးကြရန်နှင့် ကြက်ဆူပင်စိုက်ပျိုးရေးတို့ကို မှာကြားသည်။

**ပေးအပ်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ကျောင်းသားကျောင်းသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ကျောင်းသုံးဗလာစာအုပ်၊ ဂျာနယ်များနှင့် အားကစားပစ္စည်းများကို လက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရွှေဘိုခရိုင်ဘက်မှ မိုင်တိုင်(၆၂/၂)မိုင်သို့ ရောက်ရှိပြီး စက်ယန္တရားမောင်း ဝန်ထမ်းများအား ဂုဏ်ပြုငွေချီးမြှင့်သည်။

**လှူဖွယ်ပစ္စည်းများဆက်ကပ်**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကသာခရိုင် ထန်းတောကျေးရွာအနီး မိုင်တိုင်(၄၃/၁)မိုင်သို့ရောက်ရှိပြီး ထန်းတောကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တရေဝတအား ဖူးမြော်ကန်တော့ကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်၌ ထန်းတောကျေးရွာ ပြည်သူများအား တွေ့ဆုံရာ ရေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ခရိုင်ချင်းဆက်လမ်းကြောင်းအရ ထန်းတောကျေးရွာတည်ရှိပုံကို ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းထိန်းသိမ်း**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ကျေးရွာပြည်သူများအား လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ယခုကဲ့သို့ ခရိုင်ချင်းဆက်လမ်းများကို ဖောက်လုပ်ခြင်းဖြစ်ကြောင်း၊ ဤဒေသတွင် ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်သကဲ့သို့ အခြား ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတို့၌လည်း ခရိုင်ချင်းဆက်လမ်းများကိုဖောက်လုပ်ပေးခဲ့ကြောင်း၊ ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ပေးခြင်းသည် တစ်ခရိုင်နှင့်တစ်ခရိုင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပြီး ကုန်စည်စီးဆင်းမှု မှန်ကန်လာပါက စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာပြည်သူများဘက်ကလည်း ဝိုင်းဝန်း၍ ဒေသလမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ကျောင်းသားကျောင်းသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအတွက် ဗလာစာအုပ်၊ ဂျာနယ်နှင့် အားကစားပစ္စည်းများကို လက်ဆောင်အဖြစ် ပေးအပ်ကြသည်။

**နှုတ်ဆက်**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် အဆိုပါ ခရိုင်ချင်းဆက် လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ဝဇီကြီးကျေးရွာထိပ်မှ ကျေးရွာပြည်သူများက နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာ-ရွှေဘို-စစ်ကိုင်း ခရိုင်ချင်းဆက်လမ်းရှိ ရွှေဘိုခရိုင်လမ်းပိုင်းမှ ဧရာဝတီမြစ်တစ်ဖက်ကမ်း သပိတ်ကျင်းမြို့ကို လမ်းကြောင်းဆက်ရန်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အညာသီဟတော ဘုရားလမ်းကိုဖြတ်၍ သင်ပေါင်းတံတားသို့ ရောက်ရှိပြီး သင်ပေါင်းတံတားအနီး လမ်းဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်းဘေးရှိ သင်ပေါင်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျောင်းသုံးဗလာစာအုပ်နှင့် ဂျာနယ်၊ အားကစားပစ္စည်းများကို ကျေးရွာမှ တာဝန်ရှိသူများအား ပေးအပ်သည်။

**ကြည့်ရှု**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မဟာဗျူဟာလမ်း မြစ်ကြီးနား-ရွှေဘို-စစ်ကိုင်းလမ်းဘေးရှိ ရွှေဘိုခရိုင် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ပြည်ရွှေဘိုရိပ်သာသို့ ရောက်ရှိပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

**စေတနာထားဆောင်ရွက်**

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပြည်နယ်နှင့်တိုင်းများ၌ ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ထားရှိမှု အခြေအနေ၊ ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ခြင်းကြောင့် ရရှိသည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများအနေဖြင့် စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ စစ်ကိုင်း-ရွှေဘို-ကသာ ခရိုင်ချင်းဆက်လမ်းအပိုင်းကို စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစီအစဉ်ဖြင့် ခုနစ်မိုင်နှစ်ဖာလုံ၊ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစီအစဉ်ဖြင့် ၉၂မိုင် ခြောက်ဖာလုံ၊ ကသာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစီအစဉ်ဖြင့် ၁၁၃မိုင် ခုနစ်ဖာလုံ စုစုပေါင်း ခရိုင်ချင်းဆက်လမ်းမှာ ၂၁၃မိုင် ခုနစ်ဖာလုံ ဖြစ်သည်။

အမှတ်(၃) ခရိုင်ချင်းဆက်လမ်းသည် စစ်ကိုင်းတိုင်းမှ ကချင်ပြည်နယ်သို့ ဆက်စပ်ထားပြီး စစ်ကိုင်းမြို့မှ မြစ်ကြီးနားမြို့အထိ ဧရာဝတီမြစ်အနောက်ဘက် မြစ်ကမ်းဘေး တစ်လျှောက် လမ်းသစ်ဖောက်လုပ်ခြင်းဖြစ်သည်။

**ဆက်လက်ပြုပြင်ဆောင်ရွက်**

ယခုအခါ စစ်ကိုင်းမြို့၊ မြစ်ကြီးနားမြို့အထိ လမ်းအူကြောင်း ပေါက်သွားပြီဖြစ်ပြီး ၎င်းလမ်းအူကြောင်းကို အမြဲပြု၍ လမ်းကြောင်း ကောင်းမွန်အောင် ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကုန်သည်/ စက်မှု အသင်းချုပ်ရုံး မဟာဗန္ဓုလပန်းခြံလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်**

**ရန်ကုန် ဧပြီ ၁၂**

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ရုံးကို အမှတ်၆၁ မဟာဗန္ဓုလပန်းခြံလမ်း (ကုန်သည်လမ်းထောင့်) ကျောက်တံတားမြို့နယ်သို့ ဧပြီ၁၀ ရက်(တနင်္လာနေ့)မှစတင်၍ ပြောင်းရွှေ့ ဖွင့်လှစ်ပြီးဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် သက်ဆိုင်သည့် ရုံးကိစ္စလုပ်ငန်းများကို ရုံးလိပ်စာသစ်ဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နှစ်ဖက်သောမိဘများအား အမှူးထား၍ အမှတ် ၅၈၁ မေဓာဝီလမ်း (ဈ)ရပ်ကွက် မြောက်ဥက္ကလာပ မြို့နယ်နေ ဦးစိုးနိုင် - ဒေါ်အေးအေးစန်း၊ သမီး မဆုမြတ်နိုး၊ သား မောင်မင်းထက်ကျော် မိသားစု (ချောချော ဖိနပ်ဆိုင်)က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။** (က-ပ)

# သကြြန်တွင်းတရားပွဲများကျင်းပမည်

**ရန်ကုန် ဧပြီ ၁၂**

မင်္ဂလာဒုံမြို့နယ် မလွန်ဆန်လှူသင်းထောက်အဖွဲ့၏ သင်္ကြန်တွင်း နေ့ပိုင်းနှင့် ညပိုင်းတရားပွဲများကို ၂/က စံပြရပ်ကွက် သီရိမင်္ဂလာနှစ်ကျိပ်ရှစ်ဆူစေတီမှာရုံ၌ကျင်းပမည်ဖြစ်ရာ ဧပြီ၁၄ရက်မှ ၁၆ရက်များတွင် မွန်းလွဲ ၁နာရီမှစ၍ အရှင်ဝါယမိန္ဒ၊ အရှင်စန္ဒောဘာသနှင့် အရှင်ပညာဝံသဆရာတော်တို့ကလည်းကောင်း၊ ဧပြီ၁၇ရက် မှ ၁၉ရက်များတွင် ညစဉ်၈နာရီမှစ၍ အရှင်နာဂိန္ဒာလင်္ကာရ(မင်းကွန်းဓမ္မစေတီ)၊ အရှင်ဇဋိလ(ရန်ကုန်)နှင့် အရှင်ပညာဝံသ(ပုပ္ပားစကားဝါမြေ)ဆရာတော်တို့ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဖြစ်သည်။

## အောင်ဆန်းမိုးကုတ်ရိပ်သာတရားစခန်း

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)တွင် (၁၀၇)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းဖွင့်ပွဲကို ဧပြီ၁ရက်ကကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ရွှာမပရိယတ္တိစာသင်တိုက် ပဓာန နာယကဘဒ္ဒန္တနန္ဒဝံသက သြဝါဒကထာ မြွက်ကြားဖွင့်လှစ်ပေးပြီး ပြည်တွင်းပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းမိုးကုတ်ရိပ်သာ ပဓာနနာယက ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ အရှင်သူမြတ်က ပဋိစ္စသမုပ္ပာဒ်သစ္စာတရားတော်များကို ဟောကြားပြသတော်မူရာ ညအိပ်ယောဂီ၁၈၄၁ဦး၊ နေ့ယောဂီ ၄၀၀ကျော် စုစုပေါင်းယောဂီ ၂၂၀၀ ကျော် တရားစခန်းဝင်ရောက်အားထုတ်ကြကြောင်း သိရသည်။

## မဟာဗောဓိပရိယတ္တိ စာသင်တိုက်တရားပွဲ

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက်တွင် ဧပြီ၈ရက် ည၇နာရီတွင် ဦးဆေကိန္ဒ(ဓမ္မဒူတ)ဓမ္မကထိကဗဟုဇနဟိတရေကလည်းကောင်း၊ ဧပြီ၉ရက် ည၇နာရီတွင် ဘဒ္ဒန္တအင်္ဂီသမဟာထေရ်မြတ်(ပါဠိကာရီဆရာတော်) ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ပဏ္ဍိတကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

## အရိယဝံသကျောင်းတိုက်တရားပွဲ

သဃ်ာန်းကျွန်းမြို့နယ်(ဆ/ခ)ရပ်ကွက် အာနန္ဒာဘုရားအနီးရှိ အရိယဝံသကျောင်းတိုက် သီလသမာဓိပညာ လေ့ကျင့်ရာဌာနတွင် ဧပြီ၈ရက်မှ ၁၇ရက်အထိ ပြုလုပ်သော ဗုဒ္ဓ ဝိပဿနာတရားစခန်းအောင်ပွဲအဖြစ် တရားပွဲကို ဧပြီ၁၇ရက် ည၇နာရီတွင် ကျင်းပမည်ဖြစ်သည်။

တရားပွဲတွင် ဘိုကလေး အရှင်ပဏ္ဍိတ(ဓမ္မာစရိယ MA. Dip in Eng) သီရိလင်္ကာဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။

## ကိုးဘွဲ့ရဆရာတော်တရားပွဲ

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော်အရှင် အာစာရာလင်္ကာရ အရှင်မြတ်သည် ဧပြီ၁၃ရက်တွင် ရွှေပြည်သာမြို့နယ် အုတ်ဖိုအုပ်စု သာခုကန်ကျေးရွာ သဘာဝကမ္မဋ္ဌာန်းကျောင်း ကျောင်းရေစက်ချပွဲ၊ ၁၄ရက်နှင့်၁၅ရက် မွန်းလွဲ၂နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) ၇ရပ်ကွက် ကျန်စစ်သားလမ်း အေးမြချမ်းသာ မဟာစည်ရိပ်သာ စခန်းပွဲ၊ ည၈နာရီတွင် ရွှေပြည်သာမြို့နယ် ၂၀ရပ်ကွက် အထူးတရားပွဲ၊ ၁၇ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) ၂၁ရပ်ကွက် ဓမ္မာရုံနှစ်သစ်ကူးပွဲ၊ ၁၈ရက် ညနေ၆နာရီ ဆည်းဆာတွင် သာကေတမြို့နယ် ၅ရပ်ကွက် သုမန ဓမ္မဗိမာန်ပွဲ၊ ည၈နာရီတွင် လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာ အမှတ်(၁၁)ရပ်ကွက် အားကစားကွင်း ရဟန်းခံရှင်ပြုအလှူပွဲ၊ ၁၉ရက် ညနေ ၆နာရီ ဆည်းဆာတွင် သာကေတမြို့နယ် ၅ရပ်ကွက် သုမန ဓမ္မဗိမာန်ပွဲ၊ ည ၈နာရီတွင် အလုံမြို့နယ် ကွင်းကျောင်းစာသင်တိုက်ပွဲ၊ ၂၀ရက် ညနေ၆နာရီ ဆည်းဆာတွင် ဒေါပုံမြို့နယ် နွယ်အေးရပ် အောင်သိဒ္ဓိဝေယျာဝစ္စလူငယ်အဖွဲ့ တရားပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ တရားပွဲရက်ရရှိပြီးသူများသည် မယ်တော်ကြီးဒေါ်ညို ဖုန်း-၇၀၈၄၀၃ သို့ ဆက်သွယ်ပင့်ဆောင်ကြရန်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

**ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၁၀၃နေ ဒေါ်ခင်ညိုမိသားစုတို့က ဒေါ်ခင်ညို၏မွေးနေ့အထိမ်းအမှတ် ငွေပဒေသာပင် ကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။**
(က-ပ)

❒ **ကျောဖုံးမှ**

ထို့နောက် တိုင်းမှူးက စီမံကိန်းအမြန်ပြီးစီးရေးအတွက် လိုအပ်သည်များ မှာကြားညိုနှိုင်း ဖြည့်ဆည်းပေးပြီး ဧည့်ခန်းမအတွင်း ပြသထားသော စီမံကိန်းလုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် လေဆိပ်အဆောက်အအုံတွင် တပ်ဆင်အသုံးပြုမည့် ပစ္စည်းများကို ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံ တိုးချဲ့တည်ဆောက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂)က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လှိုင်ကစီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းစီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်မှု

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

❍ **ကျောဖုံးမှ**

ယခုနှစ် တတိယအကြိမ်ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့ရှိ ရခိုင်လူမှုရေးအသင်းများက ရေကစားမဏ္ဍပ်၁၂ခုတို့ဖြင့် ရခိုင်ရိုးရာအတိုင်း လောင်းလှေကြီးများ၌ ရေထည့်၍ ယဉ်ကျေးပျော်ရွှင်စွာ ရေကစားကြမည်ဖြစ်သည်။

**ရေကစားကြမည်**

ရခိုင်အမျိုးသမီးအသင်းက မြတ်ပန်းသဇင် ရေကစားမဏ္ဍပ်၊ မောင်တောမြို့နယ်အသင်းက မေယုပျိုဖြူ ရေကစားမဏ္ဍပ်၊ ဘူးသီးတောင်မြို့နယ်အသင်းက စိုင်းတင်ရိုးမ မျိုးဆက်အားမာန် ရေကစားမဏ္ဍပ်၊ မြောက်ဦးမြို့နယ်အသင်းက ရခိုင်တန်ဆောင် ရေကစားမဏ္ဍပ်၊ ပေါက်တောမြို့နယ်အသင်းက သဇင်မေရို့ပျော်ရာမြေ ရေကစားမဏ္ဍပ်၊ ကျောက်တော်မြို့နယ်အသင်းက ကစ္ဆပပျိုဖြူ ရေကစားမဏ္ဍပ်၊ ရသေ့တောင်မြို့နယ်အသင်းက မေယုသဘင် ရေကစားမဏ္ဍပ်၊ ကျောက်ဖြူမြို့နယ်အသင်းက သန္တာမြေ ရေကစားမဏ္ဍပ်၊ ရမ်းဗြဲမြို့နယ်အသင်းက ရွှေရမ္မာ ရေကစားမဏ္ဍပ်၊ မြေပုံမြို့နယ်အသင်းက ဟံတာကမ်းသူ ရေကစားမဏ္ဍပ်၊ မင်းပြားမြို့နယ်အသင်းက ရာမောင်သူ ရေကစားမဏ္ဍပ်၊ လေးတောင်တိုက်နယ်အသင်းက လေးတောင်မြီ ရေကစားမဏ္ဍပ်ဟူ၍ အမည်များပေး၍ ရေကစားကြမည်ဖြစ်သည်။

**အဆင့်သုံးဆင့်**

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို အဆင့်သုံးဆင့်ခွဲ၍ ကျင်းပလေ့ရှိသည်။ နံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲနှင့် ရေကစားပွဲဟူ၍ ဖြစ်သည်။ နံ့သာသွေးပွဲတွင် ယာယီမဏ္ဍပ်အတွင်း၌ မိန်းမပျိုများက နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်စသည့်အမွှေးနံ့သာတုံးများ ယူဆောင်လာပြီး ကျောက်ပျဉ်များဖြင့် စုပေါင်းနံ့သာသွေးကြသည်။

**ပက်ဖျန်းပူဇော်**

မိန်းမပျိုများနံ့သာသွေးနေစဉ် ယောကျ်ားပျိုများက မဏ္ဍပ်အပြင်ဘက်မှ တီးမှုတ်သီဆိုကခုန်၍ အားပေးကြသည်။ သွေးပြီးသော နံ့သာရည်များကို အိုးကြီးများတွင် စုပေါင်းထည့်၍ သိမ်းဆည်းကြသည်။ ဘုရားရေသပ္ပာယ်ပွဲမှာ မဏ္ဍပ်အတွင်း၌ ပူဇော်ထားသော ဗုဒ္ဓဆင်းတုတော်များကို ဦးစွာရေဖြင့် သပ္ပာယ်သန့်စင်ခြင်းကို ယောကျ်ားပျိုများက ဆောင်ရွက်ကြသည်။ ထို့နောက် မိန်းမပျိုများက အမွှေးနံ့သာရည်များဖြင့် ရေသပ္ပာယ်ပြီး ဆင်းတုတော်များကို ပက်ဖျန်းပူဇော်ကာ သင်္ကြန်ကို ကြိုဆိုကြသည်။

**ရွေးချယ်ခေါ်ယူခွင့်ရှိ**

သင်္ကြန်မဏ္ဍပ်ဖြင့်ရေလောင်းခြင်းမှာ သင်္ကြန်မဏ္ဍပ်အတွင်းရှိ လောင်းလှေကြီး၏နောက်ဘက်တွင် မိန်းမပျိုများသည် မဏ္ဍပ်အပြင်ဘက်သို့ မျက်နှာမူ၍ စီတန်းထိုင်နေရသည်။ ယောကျ်ားပျိုများက တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ တီးမှုတ်သီဆိုကခုန်၍ မဏ္ဍပ်များကို လှည့်လည်သွားလာကြရင်း ရေဝင်လောင်းလေ့ရှိသည်။ ရေလောင်းရာ၌ မဏ္ဍပ်အုပ်ထိန်းသူ အမျိုးသမီးကြီး (မဏ္ဍပ်ရှင်မ)တစ်ဦးထံမှ ဦးစွာခွင့်တောင်းပြီး ထိုင်နေသောမိန်းမပျိုများထဲမှ နှစ်သက်ရာတစ်ဦးကို ရွေးချယ်ခေါ်ယူခွင့်ရှိသည်။

**ကိုယ်ပိုင်ဟန်**

မိန်းမပျိုကလည်း ယောကျ်ားပျို၏ ရေပုံးထဲသို့ လောင်းလှေကြီးထဲမှ ရေကိုခပ်ယူ၍ စတင်ဖြည့်တင်းပေးရပြီး ယောကျ်ားပျိုကစ၍ ရေလောင်းပြီးမှ မိန်းမပျိုက ပြန်လောင်းရသည်။ အပြင်ဘက်မှ စောင့်ဆိုင်းနေသူများကလည်း ယဉ်ကျေးစွာ သီဆိုကခုန်၍ စောင့်ဆိုင်းကြသည်။ မဏ္ဍပ်သို့ အရင်ဝင်ခွင့်နှင့်ပတ်သက်၍ ငြင်းခုန်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းမရှိအောင် ထိန်းသိမ်းလေ့ရှိကြသည်။ ရေလောင်းမဏ္ဍပ်များကို သစ်သား၊ ဝါးတို့ဖြင့် တည်ဆောက်ရပြီး မဏ္ဍပ်အတွင်းတွင် အလျားငါးလံရှိ လောင်းလှေကြီးများကို ချထားသည်။ ဤသို့ လောင်းလှေကြီးထဲမှရေကိုခပ်၍ ရေလောင်းသောဓလေ့မှာ မြန်မာတစ်နိုင်ငံလုံးတွင် ရခိုင်ဒေသ တစ်ခု၌သာရှိသော တစ်မူထူးခြားသည့် ရခိုင်ရိုးရာကိုယ်ပိုင်ဟန်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**လှူဒါန်း**

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်သို့ အမှတ် ၇ ရွှေကိန္နရီအိမ်ရာလမ်း ကမာရွတ်မြို့နယ်နေ ဒေါ်ထွားကြည်နှင့် သားသမီးမြေးတစ်စုက တစ်နေ့တာဆွမ်း၊ နဝကမ္မအလှူငွေ ကျပ်၁၀သိန်းနှင့် လေစုပ်ပန်ကာ ခြောက်လုံးတို့ကို ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ရှိ ဆရာတော်များ ရှေ့မှောက်တွင် လှူဒါန်းစဉ်။** (က-ပ)

## ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ မြေယာဖော်ထုတ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၂

**ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၆ရက် နံနက်၉နာရီတွင် ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရေကျော်အုပ်စု သပြေကုန်းကျေးရွာအနီး သစ်တောကြိုးဝိုင်း(ကြိုးပြင်)တောအတွင်း မိုးစပါးတိုးချဲ့စိုက်ပျိုးရန်အတွက် ခုတ်ထွင်ရှင်းလင်းကာ တောင်ယာစပါး ၈၀၈ဧက မြေယာဖော်ထုတ်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ပန်းတောင်းမြို့နယ်အနေဖြင့် ၂၀၀၆/၂၀၀၇ ခုနှစ်အတွင်း မိုးစပါးတိုးချဲ့ဧက ၁၂၄၆၂ဧက စိုက်ပျိုးမည် ဖြစ်သည်။**

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များသည် ဧပြီ ၈ရက် နံနက်ပိုင်းတွင် သာယာဝတီခရိုင် သာယာဝတီမြို့နယ်အတွင်းရှိ သုံးဆယ်ဆည်ရေဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နွေစပါး စိုက်ပျိုးထားရှိမှုများအား သုံးဆယ်ဆည် လက်ဝဲမြောင်းမကြီး မြောင်းခွဲ(ဘီ) တစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးသည်။ထို့နောက် သာယာဝတီမြို့နယ်မှ ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါး တိုးချဲ့ဧက ၁၇၈၅၈ဧက စိုက်ပျိုးရန် မြေယာသစ်များအား ဖော်ထုတ်ပြီးစီးမှုနှင့် စက်ယန္တရားများဖြင့် ဖော်ထုတ်နေမှုများအား ကြည့်ရှု စစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ခရိုင်ချင်းဆက် လမ်းအမှတ်(၁) လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ လက်ပံတန်းမြို့နယ်တွင် ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း မိုးစပါး တိုးချဲ့ဧက ၆၉၁၀ တိုးချဲ့ ဖော်ထုတ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂) ကြို့ပင်ကောက် ရိပ်သာသို့ ရောက်ရှိပြီး သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ရှစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များအား တွေ့ဆုံ၍ သာယာဝတီခရိုင်အတွင်း တစ်မြို့နယ်ချင်းအလိုက် မိုးစပါးတိုးချဲ့စိုက်ပျိုးရန် မြေယာသစ်များ ဖော်ထုတ်ပြီးစီးမှုနှင့် စီမံဆောင်ရွက်ထားရှိမှုတို့ကို အသီးသီး ဆွေးနွေး တင်ပြကြသည်။ ယင်းရှင်းလင်းတင်ပြမှုများအပေါ် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက တစ်မြို့နယ်ချင်းအလိုက် ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါး တိုးချဲ့စိုက်ပျိုးရေးကို လျာထားချက်များ ပြည့်မီ ကျော်လွန်အောင် အချိန်မီ ဆောင်ရွက်ရေးမှာကြားသည်။

**စိုက်ပျိုးမည်**

သာယာဝတီခရိုင် အနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း မိုးစပါး တိုးချဲ့ ဧက ၇၈၀၈၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြို့သန့်ရှင်းသာယာရေး ရေနုတ်မြောင်းများတူးဖော်

**ရန်ကုန် ဧပြီ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့ စည်ပင်သာယာရေးအဖွဲ့ မြို့တာဝန်ခံ ဦးဟန်ဝင်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ဆောင်ရွက်ကြရာ နယ်မြေခံတပ်နယ်မှုဒုတိယဗိုလ်မှူးကြီး သက်ပုံ တက်ရောက် အားပေးခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

## သုဝဏ္ဏ(၂၄)ရပ်ကွက် ငမိုးရိပ်ဂျိုးဖြူရေပိုက်ဆက်သွယ် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၁၂

**ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ သုဝဏ္ဏ(၂၄)ရပ်ကွက် ငမိုးရိပ်ဂျိုးဖြူမင်္ဂလာ ရေပိုက်ဆက်သွယ်ဖွင့်လှစ်ပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီက သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၄)ရပ်ကွက် ရေနံ့သာလမ်းနှင့် သံသုမာလမ်းဆုံရှိ မုခ်ဦးရှေ့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။**

**စုံညီစွာတက်ရောက်**

အခမ်းအနားသို့ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှ ဒေါက်တာထွန်းသန်းထွန်း၊ အလုပ်အမှုဆောင်များ၊ အရှေ့ပိုင်းခရိုင်နှင့် သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ရေသွယ်ယူရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးသန်းလွင်(ငြိမ်း)နှင့် အမှုဆောင်များ၊ ရပ်ကွက်ပြည်သူများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် မင်္ဂလာအချိန်ကျရောက်သည်နှင့် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၄)ရပ်ကွက် ငမိုးရိပ်ဂျိုးဖြူရေမင်္ဂလာရေပိုက်ဖွင့်ပွဲကို ရေနံ့သာလမ်းနှင့် သံသုမာလမ်းဆုံရှိမုခ်ဦးရှေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် ရပ်ကွက် ရေသွယ်ယူရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးသန်းလွင်(ငြိမ်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(အောက်ဝဲပုံ)**

ထို့နောက် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၄)ရပ်ကွက်နေ ပြည်သူများ၏ အသင်းဝင်အဆိုပြုလွှာ ၆၁၂စောင်ကို ရပ်ကွက်နေပြည်သူတစ်ဦးက ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံပေးအပ်သည်။

**ရေစတင်ပေးဝေ**

ဆက်လက်၍ ငမိုးရိပ်ဂျိုးဖြူမင်္ဂလာရေပိုက်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန်နှင့်ဒုတိယမြို့တော်ဝန်တို့က အမွှေးနံ့သာရည်များပက်ဖျန်းပေးကြပြီး မုခ်ဦးအနီးနှင့် ရေငုတ်မှ ရေဘားများကို လှည့်၍ ရပ်ကွက်အတွင်းသို့ ရေစတင်ပေးဝေကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် ရေနံ့သာလမ်းအတွင်း ငမိုးရိပ်ဂျိုးဖြူရေ ဆက်သွယ်ရယူထားသည့် နေအိမ်များတွင် ရေရရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ **(၂၁၀)**

**မိုး အစဉ်သတိပြု**

# ပန်ဆုယူ အတာရေသွန်းချိန်မို့

နွေဦးရက်ကျန် ဂိမှာန်ပေါ်ထွန်း၍ လာပြန်ပါပြီ။ ရွှေဝါပိတောက်တို့ ကြိုင်လှောက်၍လာခဲ့ပြီ။ ဉသြပျိုက နွေဦးတေးကိုသီဆိုနေသည်။ မြူးမြူးကြွကြွ အဆိုအကအလှတို့နှင့် မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ကာလသို့ ရောက်ရှိခဲ့ပြန်လေပြီ။

တန်ခူးလသည် မြန်မာလများ၏ ပထမလဖြစ်သည်။ မြန်မာတို့၏ နှစ်သစ်ကူး အထိမ်းအမှတ်ပွဲတော်သည် သင်္ကြန်ဖြစ်သည်။ သင်္ကြန်ပွဲတော်ကို နှစ်စဉ်တန်ခူးလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ သင်္ကြန်ပွဲတော်တွင် ရေပက်ကစားသည့် ယဉ်ကျေးမှုဓလေ့သည် တကောင်းခေတ်ကပင် စတင်ခဲ့ပြီး ပုဂံခေတ်တွင် ပိုမိုထင်ရှားလာခဲ့သည်။

ရေသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို ဆေးကြောခြင်းနှင့် ရေကိုသား၍ အကြားမထင်ဘဲ ဆက်စပ်နေခြင်းဟူသော နိမိတ်သုံးပါးကို ဆောင်လျက်ရှိသည်။ ထိုနိမိတ်သုံးပါးအရ နှစ်ဟောင်းမှ မကောင်းမှု ဒုစရိုက်အညစ်အကြေးများကို ဆေးကြောသန့်စင်သည့်သဘော၊ ပြည်သူအပေါင်းတို့အား နှစ်သစ်ကူးရေစင်ကဲ့သို့ အေးမြကြည်လင်စေသည့်အပြင် မြန်မာတိုင်းရင်းသားအချင်းချင်း ရေကိုသား၍ အကြားမထင်သကဲ့သို့ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် နေထိုင်ဆက်ဆံကြရန်ဟူသော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် သင်္ကြန်ပွဲတော်ကို ကျင်းပခြင်းဖြစ်သည်။

မြန်မာတိုင်းရင်းသားတို့သည် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို မွန်မြတ်သန့်စင်သော ကုသိုလ်ကောင်းမှုများနှင့်ပါ ယှဉ်တွဲကာ ဆင်နွှဲသည့် အစဉ်အလာကောင်းများကိုလည်း ဖန်တီးခဲ့ကြသည်။

**"အထောက်ကတဲ့မတန်၊ ရွှေကံ့ကော်ဇမ္ဗူကျူးလို့၊**
**ကြူဆုံးတသိရ်တင့်ပါဘိ၊ ပန်းမင်းလွှတ်စံ၊**
**မိဿဘုံ ဂဠုန်ကူးတွင်မှ၊ ကြုံဖူးလေ့ဖြစ်ဟန်၊**
**ရစ်တံပိုင့်ဆင်တော်နဲ့။**
**ချိန်ခါနွေ၊ ဣန္ဒာဆွေဘူပတိသော်မှ၊ ပူမိရင် ဘယ်ဖြေနိုင်လိမ့်၊**
**ခြယ်ရွှေဆိုင် နေရှုလေးနှင့်၊ ရာဇူမှာ သာပြုံးသေးချေငဲ့၊**
**ဆွေးတော်ညှိုးဘဲ။"**

စာဆိုတော်ဦးကြင်ဥက ဤကဲ့သို့ စာပန်းချီခြယ်ခဲ့ပါသည်။

နှစ်ဟောင်းကုန်ကျူး၍ နှစ်သစ်သို့ ကူးပေတော့မည်။ တောတောင်တို့သည်လည်း ရွက်သစ်ရွက်နုတို့ဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။ ယှဉ်ပြိုင်ဘက်ကင်း ပန်းများမင်းဖြစ်သော ရွှေကံ့ကော်တို့သည် ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်တွင် မွှေးရနံ့တသင်းသင်းဖြင့် ပွင့်လန်းနေကြသည်မှာ ကြည်နူးစရာကောင်းလှပါသည်။

**"ပုရစ်တံမြရည်သွေးငယ်နဲ့၊**
**နှစ်သင်္ကြန်လမည်ပေးမယ်လို့၊**
**လှကြည်ဆေးငယ်က တင်လိုက်တာ။**
**အသွင်မြတ်ပါဘိ၊ ရင်ခတ်ကယ်ရွှေမာလာတို့၊**
**ဗွေချာမှာရနံ့သင်းလို့ရယ်၊**
**ဟေမဝါစုံမြိုင်တွင်းမှာ၊ ဆင်းဖန့်ဖန့်ဝါ"**

စာတော်ဖတ် ဦးကြော့သည် တန်ခူးလ၏ရာသီပန်းတစ်မျိုးဖြစ်သော ရင်ခတ်ပန်းကို ဤသို့ ဂုဏ်ထူးဝိသေသပြုကာ စာဖွဲ့ခဲ့ပါသည်။ ရင်ခတ်သည် ကံ့ကော်လောက် လူကြိုက်များသည့် ပန်းမျိုးမဟုတ်သော်လည်း စိမ်းလဲ့သောမြရည်သွေး ပုရစ်ဖူးပုရစ်တန်နှင့် ဖန့်ဖန့်ဝါသော ပွင့်ဝတ်လွှာပိုင်ရှင် ရင်ခတ်ကို နှစ်သက်တိမ်းမူးဖွယ်ဖြစ်စေရန် ကဗျာဉာဏ် ကွန့်မြူးခဲ့ခြင်းဖြစ်သည်။

တန်ခူးလတွင် ထူးတင့်လန်းဆန်း ရာသီပန်းတစ်မျိုးရှိသေးသည်။ ပွင့်ဖူးလိုင်လိုင် ဂုဏ်ဒြပ်တွေ မြိုင်နေသည့် ပန်းရတနာမှာ အင်ကြင်းမာလာပန်းထွတ်ချာပင် ဖြစ်သည်။

ဤလရာသီတွင် ပန်းရတနာတို့ လန်းဖြာသလောက် ရာသီ၏ အခြေအနေကလည်း ညွတ်နူးဖွယ် ကောင်းလှသည်။ **မြူခြေဆိုင်းဆိုင်း လေညင်းသုန်သုန် လွမ်းဟုန်ပွားဖွယ်** ဖြစ်သည်။ **"တပေါင်းတန်ခူး မိုးသားကျူး"** ဆိုသည့်စကားအရ အာကာယံ ကောင်းကင်တွင် မိုးသားတိမ်တိုက်တို့ ဖြစ်ထွန်းပေါ်ပေါက်စ ပြုလာပြီဖြစ်သည်။

ထိုလရာသီကို တောလား စာဆိုတော် ရှင်ဥတ္တမကျော်က **"သဘင်ဂိမှာန်၊ တာသင်္ကြန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍"**ဟု စာဖွဲ့ထားသည်။ ဤလတွင် နေပူရှိန်ကြောင့် သစ်ရွက်များမှာ မြစိမ်းရောင်မှ ရွှေဝါရောင်သို့ ကူးပြောင်းခြောက်သွေ့ကြရရှာသည်။ နွေဦး၏ တောင်လေရူးက မြောက်လေနှင့်အပြိုင် တိုက်ခတ်လာသည့်အခါ ထိုသစ်ရွက်ခြောက်ကလေးများမှာ ဝေ့ဝေ့ဝဲဝဲဖြင့် လွင့်ပျံကြွေကျလျက်ရှိသည်။ သစ်ပင်များမှာလည်း အရိုးကျဲတဲဖြစ်နေကြသည်။ မြန်မာ့ရွက်ကြွေတော၏ ပုံရိပ်ပင်ဖြစ်သည်။

အပူရှိန်ပြင်းလာပြီဖြစ်သော်လည်း မိုးအနည်းငယ် ရွာသွန်းလေ့ရှိသည်။ နှစ်သစ်ကူးသင်္ကြန်ကာလနှင့် ယင်းကာလ၏ ပတ်ဝန်းကျင်အချိန်များတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာသွန်းလေ့ရှိသည်။ ထိုမိုးသည် မြေပြင်အနှံ့ပြန့်ကျဲစုပုံတည်နေကုန်သော သစ်ရွက်ခြောက်များကို တိုက်စားခြေဆွတ် ယူဆောင်သွားလေသည်။ သူ၏ ရေယာဉ်ကြောလမ်းအတိုင်း သစ်ရွက်ခြောက်များက စီးမျောလျက်ရှိသည်။ **"တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး"**ဟူသော မိုးလင်္ကာအတိုင်း ထိုမိုးကိုဖက်ဆွတ်မိုးဟုလည်းကောင်း၊ သင်္ကြန်မိုးဟု လည်းကောင်း ခေါ်ဝေါ်ကြသည်။

## မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

ထိုသင်္ကြန်မိုး ရွာသွန်းဖြိုးလိုက်သည့်အခါ အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ကိုင်းသစ်ခက်များတွင် ရွက်သစ်ရွက်နုကလေးများ ထွက်ပေါ်လာကြသည်။ အသစ်ကူးသည့် ပုရစ်ဖူးကလေးများဖြစ်သည်။ တန်ခူးလ နေပူရှိန်ကြောင့် ကျက်နေသည့် မဟာပထဝီမြေကြီးမှာလည်း မြေသင်းရနံ့များ ပျံ့သင်းကြိုင်လှိုင်လှသည်။ ထိုမြေသင်းရနံ့သည် မြန်မာတို့၏ နှစ်သက်မြတ်နိုး၍ တန်ဖိုးထားကြသော ဇာတိသွေးဇာတိမာန်ကိုတက်ကြွစေသည့်၊ မျိုးချစ်စိတ်ဓာတ်ကို ရှင်သန်ထက်မြက်စေသည့် အမိမြေ၏ သင်းရနံ့ပင်ဖြစ်သည်။ ဘိုးဘေးဘီဘင် ရှေးမြန်မာကြီးတို့မှစ၍ ခေတ်အဆက်ဆက် မြန်မာမျိုးဆက်များသည် အမိမြေကို တစ်လက်မမျှ အဆုံးရှုံးမခံဘဲ အသက်ပေးကာကွယ်ခဲ့ကြသည်။ ပုဂံ၊ တောင်ငူ၊ ကုန်းဘောင် ခေတ်အဆက်ဆက် သမိုင်းတွင်ကျန်ရစ်ခဲ့သည်။

သင်္ကြန်သည် မြန်မာ့ရိုးရာပွဲတော်ဖြစ်သည်။ သင်္ကြန်ပွဲတော်ကာလရောက်တိုင်း မြန်မာတို့၏ စိတ်နှလုံးသည် ကြည်လင်လန်းဆန်းနေလေ့ရှိကြသည်။ ရေကစားပွဲ၊ အကျွေးအမွေးအလှူဒါနပွဲ၊ သက်ကြီးပူဇော်ပွဲ၊ တိရစ္ဆာန်ဘေးမဲ့လွှတ်ပွဲ၊ ရဟန်းခံရှင်ပြုပွဲစသည်တို့ကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲလေ့ရှိကြသည်။

တန်ခူးလ၌ မြူးကြွနေကြသော မြန်မာတို့၏ ရုပ်ပုံလွှာကို ဆရာဇော်ဂျီက **"တစ်ခုသောသင်္ကြန်အခါ"**ကဗျာတွင် လှပစွာ ဖွဲ့နွဲ့ခဲ့သည်။ နှစ်သစ်ကူးပွဲတော်ချိန်တွင် လူတို့သာ ပျော်ရွှင်မြူးထူးနေသည်မဟုတ်၊ ဘေးမဲ့အလွှတ်ခံရသော တိရစ္ဆာန်တို့ပါ ဝမ်းမြောက်ကြည်နူးနေသည့်ဟန်ကို အောက်ပါအတိုင်း ရေးဖွဲ့ထားပါသည်။

**"ထိန့်လိုက်တဲ့အိုးစည်၊ နဲ့ကလည်းပီသနဲ့**
**သီသူကသီကြ၊ ကသူက ကလာ**
**နွားကြီးလည်းပါသဟေ့၊ ကျောပေါ်မှာကော်ဇော**
**အမွှေးရောသနပ်ခါး၊**
**ချိုဖျားမှာ ပိတောက်ပန်းတွေက**
**တလျှမ်းလျှမ်းရွှေအဆင်**
**နွားစိတ်ထဲအခဲသားဝင်လိုက်ရ**
**ရွှင်လိုက်မယ့်ဖြစ်ခြင်း။ ။"**

ပျော်ရွှင်ဖွယ် ကြည်နူးဖွယ်အခါသမယဖြစ်၍ သဘာဝ ပတ်ဝန်းကျင်ကလည်း သာယာကြည်နူးစရာ ဖြစ်နေသည်။ တန်ခူးလတွင် ရင်ခတ်ပန်း၊ ကံ့ကော်ပန်းနှင့် ပိတောက်ပန်းတို့ ပွင့်ကြသည်။ ယင်းတို့အနက် ပိတောက်ပန်းသည် အထင်ရှားဆုံးဖြစ်သည်။ ပိတောက်ပန်း၏ အလှကို စာဆိုဦးကြော့က **"လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ"**ဟု အစချီကာ ဖွဲ့ဆိုခဲ့သည်။ ထို့နောက် ပန်းချင်းယှဉ်လျှင် ပိတောက်ပန်းကို အနိုင်ယူမည့် ပန်းမရှိကြောင်း ထပ်မံဖွင့်ဆိုခဲ့ပြန်သည်။ **"လမ်းတစ်လျှောက်သင်းပါဘိ၊ ဆန်းသလောက် မလင်းနိုင်ဘု၊ ပန်းပိတောက်မင်း"**ဟူ၍ ပိတောက်ပန်းကို အထူးအလေးပေးဖွဲ့ဆိုထားကြောင်း တွေ့ရသည်။

မြန်မာ့ရိုးရာ ရေသဘင်ပွဲတော်၏ အထိမ်းအမှတ်ကိုကြည့်လျှင် **"ပိတောက်ပန်းခက်နှင့် ရေပက်ကစားသည့် ငွေဖလား"**တို့ ယှဉ်တွဲနေလေ့ရှိကြောင်း တွေ့ရှိနိုင်သည်။ မြန်မာ့ရိုးရာရေသဘင်ပွဲတော်သည် ယဉ်ကျေးသိမ်မွေ့ လှပေသည်။

**"မြပန်းရစ်ခွေ မြူခြေခြံ့သည်၊**
**ဆူကြွေခမန့် တာအကြို၊**
**မမှုံတမှုံ့ တမှုံငယ်၊**
**မအုံ့တအုံ ရွာပြန်ရင်း၊**
**ရွာဟန်ပြုနှင့် ခုလားထင်အောင်**
**မှသားပြင်ပြင် သီကျူးညံ့ရက်လင်း။ ။"**

ဟူ၍ စာရေးတော်ကြီး ဦးမောင်ကလေးက သူ၏ ရစ်ဆယ်ပေါ်တေးထပ်ညွှန့်တွင် မိုးကြိမ်းဆန်ဆန် အဖွဲ့ကလေးကို ထည့်သွင်းဖွဲ့ဆိုထားသည်။ မိုးမေဃဝန်က ဇွေသန်တော့မည့်အလား ခြိမ်းခြောက်ပုံကို ပြစ်တင်သံနှော၍ သီဖွဲ့ထားခြင်းဖြစ်သည်။ မိဿဘုံဂဠုန်ကူးသည့် တန်ခူးလရာသီတွင် ထက်အာကာခွင်၌ ရောင်ရှင်ထွန်းပ စန္ဒာလနှင့် စိတြနက္ခတ် ယှဉ်ပတ်ပျံသန်း စွင့်စွင့်လန်းကြသည်။

**"စိတြငယ်နှင့်၊ ငွေလသော်တာသို့၊**
**ယုဂန်ချာတောင်တော်စွန်းမှာ**
**ထွန်းထိန်လို့လင်း။ ။"**

ဟု ဖိုးသူတော် ဦးမင်းက တန်ခူးလဘွဲ့ လေးဆစ်သဖြန်တွင် ရာသီနက္ခတ်ကို ဤသို့ အမော်ကွန်း တင်ခဲ့သည်။

**"ခါသင်္ကြန်ဝယ်၊ မျက်ပျံ့ဝရတ်၊**
**ဉကင်မြတ်တွင်၊ နောဒတ်ကယ်ဂင်္ဂါ၊**
**ထုံသီတာနှင့်၊ မဟာသဘင်၊**
**ရေဖျန်းတော်ဆင်လို့။ ။"**

စာဆိုတော်လှူဦးမင်းက သင်္ကြန်တော်မင်္ဂလာပြုပုံကို သူ၏လေးချိုးကြီးတွင် ဤသို့ဖွဲ့ဆိုထားသည်။ မြန်မာ့သမီးပျိုကလေးများ၏ ဖော့ဖယောင်းသဏ္ဌာန် ပျော့ပျောင်းဟန်ဖြင့် သင်္ကြန်ရေကစားပွဲတွင် နံ့သာရေပက်ဖျန်း ကာဆင်နွှဲပုံကိုလည်း ကွမ်းရည်တော်ကိုင် ဦးယာက အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့သည်။

**"အတာသဘင်၊ သည်ပွဲတွင်၌၊**
**ကေရှင်ညွှန့်လန်း၊ နှင်းရည်ဖျန်းလျက်၊**
**ဖော့ပန်းမတူ၊ ဖန်နန်းသူတို့၊**
**ဟန်မူပျော့ပျောင်း၊ ရွှေဖယောင်းသို့၊**
**မွှေးပေါင်းနံ့သာ စမ္မာအဖျော်။"**

သင်္ကြန်ဆိုသည်မှာ သက္ကတဘာသာ သင်္ကြန္တမှ ဆင်းသက်လာသော ကူးပြောင်းခြင်းအနက်ရသည့် ရာသီကူးပြောင်းခြင်း၊ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်း၊ တနင်္ဂနွေဂြိုဟ်မင်းသည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းခြင်း အထိမ်းအမှတ်အဖြစ် သင်္ကြန်ပွဲတော်ကို ဆင်ယင်ကျင်းပကြခြင်းဖြစ်သည်။

**"ထပ်ထပ်သာစောတော့တယ်၊ မြကြောငယ်ရစ်သီ၊**
**ကိုက်ဖူးငယ်စီသည်၊ ပွင့်သင်္ဂီရွှေရင်ခတ်ကယ်တို့၊**
**ရှစ်ရပ်ကယ်နယ်တစ်ခိုက၊ စိုလှတယ်လေး။**
**နွေခါမီငယ် ရာသီမိဿ ဂိမှာနမို့၊ စိတြကြယ်၊**
**တိမ်မိုးလယ်မှာ စမွယ်ကွန့်ကာ တိမ်ဗွေချာလျှင်၊**
**ဒေသစာလှမ်း လှည့်လည်ငယ်မြန်းလို့၊**
**နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်၊**
**နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူတာရေသွန်းချိန်မို့၊**
**လွမ်းလှတယ်လေး"**

ဟူ၍ မဟာအတုလမင်းကြီးက တန်ခူးလ၏သာယာပုံကို စာပန်းချီခြယ်ခဲ့ပါသည်။ မျက်မှောက်ခေတ်နှစ် ဆန်းသင်္ကြန်အခါသမယတွင်လည်း နိုင်ငံကြော့ပြည်သူတို့သည် နိုင်ငံတော်အေးချမ်းသာယာစည်ပင်ဝပြောရေးအတွက် ပန်ဆုယူတာရေသွန်းတော့မည်ဖြစ်ကြောင်း မြန်မာ့နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကို ကြိုဆိုလိုက်ရပါသည်။ ။


**မြန်မာ့ယဉ်ကျေးမှုသင်္ကြန်**

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

**ရေခဲထုပ်၊ ရေပူဖောင်း**

ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

| | | | |
|---|---|---|---|
| ၁။ | လက်ဝယ်တွေ့သူ | - | ထောင်(၁)နှစ် |
| ၂။ | ကစားသူ | - | ထောင်(၃)နှစ် |
| ၃။ | ထုတ်လုပ်ရောင်းချသူ | - | ထောင်(၅)နှစ်နှင့်ပစ္စည်းကိုသိမ်း |

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

**သတိပေးနှိုးဆော်ချက်**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကာလအတွင်း ယာဉ်မောင်းသူများ မူးယစ်သောက်စားပါက အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေး အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# ရေဝတီတိုင်းမှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ဂုဏ်ပူဇော်မင်္ဂလာနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၂

**ဧရာဝတီတိုင်းအတွင်းမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပူဇော်မင်္ဂလာနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို ဧပြီ ၆ရက်တွင် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီးဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက်ကြသည်။**

## ငါးပါးသီလခံယူ

ရှေးဦးစွာ ဝေဠုဝန်ကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာဂဝံသထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး(၂၁)ပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦးတို့အား တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီးဒေါ်သန်းသန်းနွဲ့နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

## ရေစက်သွန်းချအမျှဝေ

ဧရာဝတီတိုင်းအတွင်းမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး၂၁ပါး အနက် ပုသိမ်ခရိုင်မှ ခုနစ်ပါး၊ ဟင်္သာတ ခရိုင်မှငါးပါး၊ မြောင်းမြခရိုင်မှ တစ်ပါး၊ မအူပင်ခရိုင်မှ လေးပါး၊ ဖျာပုံခရိုင်မှ လေးပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦးတို့ပါဝင်သည်။ ထို့နောက် ကျုံပျော်မြို့ ဓမ္မပါရဂူကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သြဘာသထံမှပရိသတ်တို့က ရေစက်ချ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး၂၁ပါးတို့အား တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီးနှင့် တာဝန်ရှိသူများက ဆွမ်းဆန်တော်များကို လောင်းလှူကြပြီး နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေဟောင်းစကြာရှင် ဆယ့်တစ်မီးငြိမ်းစေတီတော် ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရနယ်မြေရှိ ရွှေဟောင်း စကြာရှင် ဆယ့်တစ်မီး ငြိမ်း စေတီတော်မြတ်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနီယ ပွဲတော်ကို ဧပြီ ၉ရက်နှင့် ၁၀ ရက်တို့တွင် ယင်းစေတီတော် မြတ်ကြီးပရိဝုဏ်၌ ကျင်းပသည်။

## ဖွင့်လှစ်

ယင်းသို့ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရာ၌ ဧပြီ၉ရက် ည၉နာရီတွင် ပန်းတစ်ပွင့်တောင် တောရနယ်မြေရှိ ရွှေဟောင်း စကြာရှင် ဆယ့်တစ်မီးငြိမ်း စေတီတော်ကြီး၊ ယက္ခတောင်စေတီ၊ ကျွတ်လွတ်စေတီ၊ အောင်ဝိဇ္ဇာစေတီ၊ ကျိုက်ထီးရိုးပုံတူစေတီနှင့် နဂါးရုံဘုရားတို့အား တောင်လုံးကျွတ်ဆီမီး၊ နံ့သာ၉၉၀၀စီပူဇော်ပွဲကို ကျင်းပရာတွင် ဗုဒ္ဓပူဇနီယ ဆီမီး၉၉၀၀အဖွဲ့(အင်းစိန်) နာယက ဦးစိုးဝင်းနှင့် ဥက္ကဋ္ဌ ဦးဘိုကြည်တို့က ပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ၊ နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ ဆီမီးအလှူရှင် ဒေါ်တင်တင်ဝင်းနှင့် မှော်ဘီမြို့နယ် ဝါးနက်ချောင်း ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်၍ ပူဇော်ပွဲကို ဖွင့်လှစ်ပေးကြသည်။

## ထွန်းညှိပူဇော်

ယင်းနောက် ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် ဆီမီးအလှူရှင် ဝါးနက်ချောင်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မှော်ဘီနှင့် တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများနှင့် ဆီမီး၉၉၀၀ အဖွဲ့ဝင်များ၊ လက်ပံတန်းစု၊ ဝါးပတောနှင့် အင်းကန်ကျေးရွာတို့မှ မိသားစုများ၊ ဘုရားဖူး ပြည်သူများက ဆီမီးနှင့် နံ့သာများဖြင့် တစ်ပြိုင်နက် ထွန်းညှိပူဇော်ကြသည်။

ဧပြီ ၁၀ရက် အရုဏ်တက်ချိန်တွင် ဆယ့်တစ်မီးငြိမ်း စေတီတော်မြတ်ကြီးအား ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ပန်းတစ်ပွင့်တောင် တောရနယ်မြေရှိ စေတီဘုရားများအား ဆွမ်း၊ ရေချမ်း၊ သကြားလုံး၊ မုန့်ဆီကြော်နှင့် မုန့်လုံးရေပေါ် ၉၉၀၀စီကို ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ပန်းတစ်ပွင့်တောင် ဆရာတော်ထံမှ ပရိသတ်တို့က ရေစက်ချ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုသိမ်ဆောင်ရေးဝန်ကြီးဌာနမိသားစု ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၁၂

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီတို့အား အမှူးထား၍ ပို့ဆောင်ရေး ဝန်ကြီးဌာန မိသားစုများ၏ ဆဋ္ဌမအကြိမ် ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ ဧပြီ ၁၀ရက် နံနက်ပိုင်းက ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများသည် ကုန်သည်လမ်း မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းရုံးရှေ့မှ ရွှေတိဂုံစေတီတော်မြတ်သို့ ထွက်ခွာရာ စုရပ်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြည့်ရှုအားပေး ကြသည်။ ထို့နောက် ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများသည် ရွှေတိဂုံစေတီသို့ တက်ရောက်ဖူးမြော် ကြည်ညိုကြသည်။**

ဧပြီ၁၁ရက်နံနက်ပိုင်းတွင်ဝန်ကြီး၏ဇနီး၊ဒုတိယဝန်ကြီးများ၊ဌာနအကြီးအကဲများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများသည် မဟာစည်သာသနာ့ရိပ်သာ သာသနမလဝိသောဇနိ သိမ်တော်ကြီး၌ ဆရာတော်၊ သံဃာတော်များအား သိမ်ဆင်းလောင်းလှူကြသည်။ **(ယာပုံ)**

## ပရိတ်တရားတော်

ထို့နောက် ဖလ်ယဉ်ဓမ္မာရုံ၌ အလှူတော်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ မဟာစည် သာသနာ့ရိပ်သာ နာယက အဂ္ဂမဟာပဏ္ဍိတဓမ္မကထိက ဗဟုဇနဟိတဓရသာသနာ့ဇောသိရိပဝရ ဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တဝါသဝထံမှ ဝန်ကြီး၏ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်သည်။

## လျှောက်ထား

ထို့နောက် ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးဖေသန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ ဝန်ကြီး၏ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများနှင့် ဇနီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက်ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

# ပုပ္ပားစကားဝါမြေဆရာတော်၏ မဟာသကြၤန်တရားပွဲများ

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက် နာယက စာချသာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော်ဘဒ္ဒန္တပညာဝံသသည် ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့)နှင့် ဧပြီ ၁၄ရက်(အကျနေ့)တို့တွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက် မဟာဆွေလမ်းမိသားစု၏ သံဃာ့ဒါနဆွမ်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲတို့၌လည်းကောင်း၊ ဧပြီ ၁၅ရက်(အကြတ်နေ့)တွင် လှိုင်မြို့နယ် (၁၁)ရပ်ကွက်ရှိ ဇေယျာဝံသကျောင်းတိုက်၏ ဓမ္မပူဇာပွဲ၌လည်းကောင်း၊ ဧပြီ ၁၆ရက်(အတက်နေ့)တွင် မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲတို့၌ လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် ၂/က ရပ်ကွက် ဓမ္မာရုံ၌နေ့တရားပွဲအဖြစ်လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ **(က-ပ)**

**ရန်ကုန်မြို့ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ရိပ်သာဆောက်လုပ်နိုင်ရန်အတွက် အမှတ် ၇၁၂၄မိုးရိပ် ၃လမ်း သဃၤန်းကျွန်းမြို့နယ်နေ ဒေါ်သန်းတင် မိသားစုက အလှူငွေကျပ် ၃၀၀၀၀ နှင့် အမှတ် (၁၀) အောင်သိဒ္ဓိလမ်း (၃)ရပ်ကွက် မရမ်းကုန်းမြို့နယ်မှ ဦးဝင်းမောင်ထွန်း-ဒေါ်မြင့်နိုင် မိသားစု (ဝင်းမောင်ထွန်း မန္တလေးသစ်ဆိုင်)က အလှူငွေကျပ် ၁၂၀၀၀၀ တန်သစ်များ လှူဒါန်းရာ ရိပ်သာဥက္ကဋ္ဌ ဦးကျော်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)

**ရန်ကင်းမြို့နယ် (၆)ရပ်ကွက် သုခဝတီလမ်း အမှတ် ၁၈(စီ)နေ ဒေါ်စိန်မြ (၈၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုတွင် စောင့်ရှောက်မှုခံယူနေကြသော ကင်ဆာဝေဒနာရှင်များအတွက် သမီးဖြစ်သူ ဒေါ်ယဉ်ယဉ်မြက အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်း လက်ခံယူစဉ်။** (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၄-၂၀၀၆ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | သင်္ကြန်ဒိုင်ယာရီ (အကြိုနေ့) |
| ၇း၂၀ | ခါသင်္ကြန်အဆိုအက |
| ၇း၃၀ | ပြည်တွင်း သတင်းအကျဉ်း |
| ၇း၄၀ | လတန်ရူးပေမို့ (ရုပ်မြင်သရုပ်ဆောင်များ) |
| ၈း၀၀ | ခါသင်္ကြန်အဆိုအက |
| ၈း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၈း၁၅ | ဝါသနာရှင်စင်မြင့် (ခန့်စည်သူ၊ ခင်ဘုဏ်း) |
| ၈း၅၀ | ခါသင်္ကြန်အဆိုအက |
| ၈း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၀၀ | ခါသင်္ကြန်အဆိုအက |
| ၉း၀၅ | ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတားများ |
| ၉း၁၅ | အနုပညာရုပ်ဝန်းမှ ပွဲတင်သံများ (မိုးသင်္ကြန်) |
| ၉း၄၀ | ခါသင်္ကြန်အဆိုအက |
| ၉း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၅၅ | ရန်အောင်ပြောတဲ့ ရန်အောင် သင်္ကြန် |
| ၁၀း၂၀ | ခါသင်္ကြန်အဆိုအက |
| ၁၀း၃၅ | တည်ငြိမ်အေးဆေးစွာ တရားဘာဝနာအားထုတ်နိုင်စေရာ |
| ၁၀း၅၀ | မွန်ရိုးရာ သင်္ကြန်ထမင်း |
| ၁၁း၀၀ | ခါသင်္ကြန်အဆိုအက |
| ၁၁း၀၅ | ရိုးရာအလှ တာသင်္ကြန်အက (မဟာသင်္ကြန်အကြိုနေ့) |
| ၁၁း၂၅ | ခါသင်္ကြန်အဆိုအက |
| ၁၁း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅ | ပြည်တွင်းထုတ်ကုန် ထုတ်လုပ်စို့ (မြန်မာ့ဓာတ်ဆားမှုန့်) |
| ၁၁း၄၀ | ခါသင်္ကြန်အဆိုအက |
| ၁၁း၅၅ | စားချင်စဖွယ် ဒေသထုတ် ဇလွန်ချင်းသုပ် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

ဧပြီ ၁၂ ရက်က နိုင်ငံတော်က ဆက်ကပ်ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသော လှိုင်မြို့နယ်(၁၂)ရပ်ကွက် မရမ်းခြံ အောင်သိဒ္ဓိ မဟာမြိုင်ကျောင်းတိုက် အောင်သိဒ္ဓိဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇအား ဂုဏ်ပြုပူဇော်ပွဲကို မဟာမြိုင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်၌ ကျင်းပရာ ဆရာတော်အား ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးရွှေ ဂုဏ်ပြုလွှာ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# သစ်တောရေးရာဝန်ကြီး သစ်လုပ်ငန်းရှင်များအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ တက်ရောက်ချီးမြှင့်

**ရန်ကုန် ဧပြီ ၁၂**

၂၀၀၆ ခုနှစ် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၉ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ငွေသော်တာဂေါက်ကွင်း၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ချီးမြှင့်သည်။

ပြိုင်ပွဲသို့ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သစ်လုပ်ငန်းရှင်များ အပါအဝင် ပြိုင်ပွဲဝင်အားကစားသမား ၆၀ တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဒုတိယဥက္ကဋ္ဌများက ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လှိုင်လင်ခရိုင်တွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ရန်ကုန် ဧပြီ ၁၂

**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြီးသည် လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဌေး လိုက်ပါလျက် ခရိုင် ဌာနဆိုင်ရာများနှင့်အတူ မတ် ၂၃ ရက် နံနက်ပိုင်းက မိုင်းရှူးမြို့နယ် ဝမ်ဆော့ကျေးရွာသို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေး၍ မိုင်းရှူးမြို့နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။**

ဆက်လက်၍ မိုင်းနောင်မြို့သို့ ရောက်ရှိစဉ် ဝမ်စိမ်းကျေးရွာမှ ပျိုးဥယျာဉ်သို့လည်းကောင်း၊ မိုင်းနောင်မြို့ရှိ ပျိုးခင်းသို့လည်းကောင်း ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။ မတ် ၂၅ ရက်တွင် ကျေးသီးမြို့နယ်ရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် ကျင်းပရာ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဝင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနှင့် အသုံးဝင်ပုံကို ရှင်းလင်းပြောကြားပြီး ကျေးသီးမြို့နယ်ဥက္ကဋ္ဌ ဦးစိန်ထွန်းက ပျိုးပင်များကို ရပ်ကွက်ဥက္ကဋ္ဌများအား ပေးအပ်သည်။

**စစ်ဆေး**

ထို့နောက် မတ် ၂၆ ရက်က မိုင်းကိုင်မြို့နယ်ရှိ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းပျိုးပင်များကိုလည်းကောင်း၊ မတ် ၂၇ ရက်တွင် လဲချားမြို့နယ်ရှိ ဌာနဆိုင်ရာ စိုက်ခင်း၊ ပျိုးခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ကွင်းဆင်း**

ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက်အရ မိုင်းရှူးမြို့နယ်တွင် ၂၃၅ ဧကစိုက်ပျိုးပြီး ပျိုးပင်ပေါင်း ၈၃၄၆၉၀၀ ပျိုးထောင်ထားပြီးဖြစ်သည်။ ထို့အတူ မိုင်းနောင်မြို့နယ်ခွဲတွင် ၂၃၃ ဧကစိုက်ပျိုးပြီး ပျိုးပင်ပေါင်း ၅၉၁၄၄၀၀ ပျိုးထောင်ထားသည်။ ထို့ပြင် ကျေးသီးမြို့နယ်တွင် ၁၄၇၄ ဧကစိုက်ပျိုးထားပြီး ပျိုးပင်ပေါင်း ၄၈၈၇၂၀၀ ပျိုးထောင်ထားရှိပြီး မိုင်းကိုင်မြို့နယ်တွင် ၁၃၉၅ ဧကစိုက်ပျိုးပြီး ပျိုးပင် ၂၆၆၁၆၀၀ ပျိုးထောင်စုဆောင်းထားရှိသည်။ လဲချားမြို့နယ်တွင်လည်း ပျိုးပင်ပေါင်း ၄၂၀၈၈၆၀ ပျိုးထောင်ထားရှိပြီး မျိုးစေ့တင်း ၈၀ စုဆောင်းထားရှိကြောင်း သိရသည်။

**တာဝန်ပေး**

အဆိုပါ မြို့နယ်များအပါအဝင် မြို့နယ် ကိုးမြို့နယ်ပါဝင်သည့် လှိုင်လင်ခရိုင်တွင် ၂၀၀၆ ခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ၄၈၅၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ တာဝန်ပေးအပ်လျက် စိုက်ပျိုးသွားမည်ဖြစ်သည်။ ယခုအခါ ခရိုင်တစ်ခုလုံး၌ ခြံစည်းရိုးကြက်ဆူပင် ပျိုးပင်ပေါင်း ၁၅၃၁၇၉၁၃ ပင်၊ မျိုးစေ့မှ ပျိုးပင်ပေါင်း ၂၀၄၉၂၃၇၃ ပင်နှင့် မျိုးကိုင်းဖြင့် ၉၉၄၅၇၁၇၄ ပင် ပျိုးထောင်ထားရှိပြီး မျိုးစေ့များလည်း စုဆောင်းထားရှိပြီး မျိုးကိုင်းဖြင့် စိုက်ဧက ၈၇၉၁ ဧက စိုက်ပျိုးထားပြီးဖြစ်ရာ ၂၀၀၆ ခုနှစ်တွင် လျာထား စိုက်ဧကထက် ကျော်လွန်စွာ စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# သင်္ကြန်ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ ပြင်ဦးလွင်ဂေါက်ကလပ်၌ ကျင်းပ

**ရန်ကုန် ဧပြီ ၁၂**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင်ဂေါက်ကလပ်တို့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၈)ကြိမ်မြောက် သင်္ကြန် ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (The 48thThingyan Golden Cup Golf Tournament)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်ဂေါက်ကလပ်၌ ကျင်းပသည်။

**ပြိုင်ပွဲစတင်**

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများက သတ်မှတ်ထားသော တီခုံ(၁)၌ နေရာယူထားပြီး ပြင်ဦးလွင် တပ်နယ်မှူးနှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ညီထွန်း၊ တပ်မတော်အုပ်ချုပ်မှုကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးဇာနည်ဝင်းနှင့် MPGAနှင့် MGFအမှုဆောင် ဦးကိုကိုလေးတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ မင်းနိုင် (Srixon)နှင့် ဇော်ဇော်လတ် (Srixon)တို့က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်စီလျှော့ရိုက်ပြီး ၇၁ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

**တတိယလိုက်**

မြင့်ရွှေ(Srixon)၊ အောင်ဆန်းဝင်း (Srixon)တို့ ၇၂ ချက်စီဖြင့် ဒုတိယလိုက်ကြပြီး စိုးကျော်နိုင်(Srixon)နှင့် ယဉ်ထွေး(K.M Golf Centre)တို့က ၇၅ ချက်စီဖြင့် တတိယလိုက်နေကြသည်။

အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(သစ်တောရေးရာ)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဝင်းထိုက်က ၇၃ ချက်ဖြင့် ဒုတိယလိုက်ပြီး သန်းနိုင်ဦးက ၇၅ ချက်ဖြင့် တတိယလိုက်နေသည်။

**ပါဝင်ကူညီ**

ယင်းပြိုင်ပွဲ၏ Co-Sponsorsများမှာ Air Bagan Ltd.၊ K.M Co., Ltd.၊ Mandalay Golf Association၊ A.K Group၊ KBZ Bank၊ Srixon၊ M.K Fashion Shop၊ Hotel Pyi Oo Lwinနှင့် Pyin Oo Lwin Golf Club တို့က အသီးသီးပါဝင်ကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Pyin Oo Lwin Golf Club နှင့် Han Event Management တို့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဧပြီ ၁၃ ရက် နံနက် ၆ နာရီခွဲတွင် ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ထုတ်ပြန်ကြေညာ

**ရန်ကုန် ဧပြီ ၁၂**

ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားခဲ့သော စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းရှိ မြို့နယ်များ၌ ယခုရက်ပိုင်းအတွင်း ကြက်သေဆုံးခြင်း၊ ဖျက်ဆီးခြင်းမရှိသည့်အပြင် ရောဂါပိုး ထပ်မံစစ်ဆေးမတွေ့ရှိခြင်းတို့ကြောင့် **"ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်နိုင်ပြီ"**ဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ကြေညာသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ **ကမ္ဘာ့ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုသတင်း။** ကြက်ငှက်တုပ်ကွေးရောဂါ(H5 N1)သည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အာရှနိုင်ငံ ၁၅ နိုင်ငံနှင့် ကမ္ဘာ့ အခြားဒေသနိုင်ငံ ၃၃ နိုင်ငံ စုစုပေါင်း ၄၈ နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဧပြီလ ၁၁ ရက်အထိ လူ ၁၉၂ ဦးသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၁၀၉ ဦး အသက်ဆုံးရှုံးစေခဲ့ပါသည်။

၂။ **မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားမှု။** ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ ရွှေဘို၊ကန့်ဘလူမြို့နယ်များအတွင်း ကြက်သေဆုံးမှုဖြစ်ပေါ်ခဲ့ပြီး ၂၀၀၆ ခုနှစ် မတ်လ ပထမပတ်တွင် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မွေးမြူရေးခြံတစ်ခြံတွင် ကြက်သေဆုံးကောင်ရေများသဖြင့် ရောဂါရှာဖွေစစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး(H5 N1)ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ ယနေ့အထိ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကြက်သေဆုံးသည့် မြို့နယ် ၁၃ မြို့နယ်မှ ရောဂါနမူနာအမျိုးပေါင်း ၄၇၀ စစ်ဆေးခဲ့ရာ ရောဂါနမူနာ ၃၃ ခု၌ ရောဂါပိုးတွေ့ရှိခဲ့ကြောင်း၊ ရောဂါပိုးအတည်ပြုချက်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ တိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်း N1 AH သို့ ပေးပို့စစ်ဆေး၍ အတည်ပြုချက်ရယူခဲ့ပြီး ဖြစ်ပါသည်။

၃။ **ပြည်တွင်းပြည်ပသို့ သတင်းထုတ်ပြန်မှု။** နိုင်ငံတော်အစိုးရ၊ အထက်အဖွဲ့အစည်းရုံးများနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်/ တိုင်းရုံးအသီးသီးသို့ သတင်းပေးပို့အကြောင်းကြားခြင်း၊ အရှေ့တောင်အာရှနှင့် အာရှဒေသ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်(OIE ) ဗန်ကောက်နှင့် တိုကျိုသို့လည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ဗန်ကောက်မြို့အခြေစိုက် အရှေ့တောင်အာရှ ဌာနေကိုယ်စားလှယ်ရုံးနှင့် မြန်မာ ဌာနေကိုယ်စားလှယ်ရုံးများသို့လည်းကောင်း သတင်းပို့အကြောင်းကြားခဲ့ပါသည်။

၄။ **ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေး အရေးယူဆောင်ရွက်မှု။** ရောဂါဖြစ်ကြက်ခြံ၌ (၃)ကီလိုမီတာပတ်လည်ဧရိယာကို ရောဂါတားမြစ်နယ်မြေ(Restricted Area)၊ (၇)ကီလိုမီတာပတ်လည် ဧရိယာကို ထိန်းချုပ်ဧရိယာ(Control Area )အဖြစ် သတ်မှတ်ကြေညာ၍ ကြက်နှင့် ကြက်ထွက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ သယ်ဆောင်ပြောင်းရွှေ့ခြင်းများ၊ တားမြစ်ထိန်းချုပ်ခြင်း၊ ရောဂါစူးစမ်းရှာဖွေခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ရောဂါဖြစ်ကြက်ခြံမှ ကြက်များနှင့် ၎င်းခြံမှ (၁)ကီလိုမီတာဝန်းကျင်ရှိ ကြက်များကို ကူးစက်ရောဂါ ကျရောက်ပျံ့နှံ့မှု အန္တရာယ်ကာကွယ်ရန် (Risk Prevention )အတွက် သုတ်သင်ဖျက်ဆီးမြေမြှုပ်ခဲ့ကြောင်း၊ တိုင်းအဆင့် ရောဂါထိန်းချုပ်မှု ကြီးကြပ်ဆောင်ရွက်ရေးအဖွဲ့၊ ရောဂါစူးစမ်းရှာဖွေရေးအဖွဲ့၊ ကြက်သုတ်သင်ရှင်းလင်းရေးအဖွဲ့၊ ပိုးသတ်သန့်စင်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်သူ့ရဲတပ်ဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များနှင့် မွေးမြူသူများ ပေါင်းစပ်ပါဝင်၍ ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ **ကြက်ငှက် သေဆုံး/ဖျက်ဆီးကောင်ရေ။** ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားသည့် စစ်ကိုင်းတိုင်း ငါးမြို့နယ်၊ မန္တလေးတိုင်း ရှစ်မြို့နယ် စုစုပေါင်း ၁၃ မြို့နယ်တွင် ကြက်ခြံ ၄၈၀ ၌ ကြက် ၉၂၀၆ ကောင် သေဆုံးပြီး ကြက်ကောင်ရေ ၃ ဒသမ ၂ သိန်း၊ ကြက်ဥတစ်သိန်းခန့်ဖျက်ဆီးခဲ့ပြီး ငုံးခြံ ၁၃၆ ခြံ၌ ငုံး ၅၂၀၆ ကောင် သေဆုံးပြီး ငုံးကောင်ရေ ၃ ဒသမ ၁ သိန်းနှင့် ငုံးဥ ၇၇၀၀၀ ခန့် ဖျက်ဆီးခဲ့ပါသည်။

၆။ **ကာကွယ်ထိန်းချုပ်ရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု။** ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များ၊ ရုပ်ပြပိုစတာများ၊ မြေစိုက်ပိုစတာများကို ရောဂါဖြစ်သည့် မြို့နယ်များအပြင် ပြည်နယ်/တိုင်းအသီးသီးသို့ ဖြန့်ဝေခြင်း၊ ပိုစတာများစိုက်ထူခြင်း၊ ပြည်သူလူထု ပညာပေးခြင်းတို့ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် WHO, JICA မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

၇။ **အပြည်ပြည်ဆိုင်ရာကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားလျက်ရှိသည့် မြို့နယ်များအတွင်း ရောဂါစူးစမ်းရှာဖွေမှု၊ ရောဂါစစ်ဆေးမှု၊ ရောဂါထိန်းချုပ်မှု လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များဖြစ်ကြသော-

(က) Dr. Wantannee Kalpravidh, FAO အရှေ့တောင်အာရှ ညှိနှိုင်းရေးမှူး

(ခ) Dr. John Mac Arthur, အမေရိကန်နိုင်ငံ USAID အကြံပေးအရာရှိ

(ဂ) Dr. Sudarat, JICA ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးရေးကျွမ်းကျင်သူပညာရှင်

(ဃ) Dr. Parasat, FAOကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့မှု လေ့လာရေးကျွမ်းကျင်သူ ပညာရှင်တို့သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၈။ **FAO ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့မှုလေ့လာရေးပညာရှင်၏သုံးသပ်တင်ပြချက်။** Dr. Parasat သည် ၂၈-၃-၂၀၀၆ မှ ၁၀-၄-၂၀၀၆ အထိ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းအတွင်း ရောဂါထိန်းချုပ်မှုနှင့် ရောဂါပျံ့နှံ့မှုများကို လေ့လာပြီးစီးမှုအရ သုံးသပ်အကြံပြုထားရှိသည်မှာ-

(က) ရောဂါထိန်းချုပ်သည့်နယ်မြေအတွင်း ကြက်နှင့် ကြက်ထွက်ပစ္စည်းအသုံးအဆောင်များ တားမြစ်ထိန်းချုပ်မှုနှင့် (၁)ကီလိုမီတာအတွင်း ကြက်ငှက်သုတ်သင်ရှင်းလင်းဖျက်ဆီးမှုကို အင်အားပြည့် အသုံးပြုခဲ့ကြကြောင်း။

(ခ) နောက်ဆုံးအကြိမ် ကြက်သေဆုံးဖျက်ဆီးမှု ၅-၄-၂၀၀၆ တွင် ကျောက်ဆည်မြို့နယ်၌ ဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ရောဂါကူးစက်ပျံ့နှံ့မှုကို ကောင်းစွာထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း။

(ဂ) ရောဂါစူးစမ်းလေ့လာမှုကို ကန့်သတ်ဧရိယာ (Restricted Area)၊ ထိန်းချုပ်ဧရိယာ(Control Area)နှင့် ကြားခံနယ်မြေ (Buffer Area)များတွင် ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း။

(ဃ) လိုအပ်လျှင် ရောဂါဖြစ်မြို့နယ်များ၏ ကြားခံနယ်မြေများတွင် ကာကွယ်ဆေးထိုးခြင်းကို စဉ်းစားသင့်ကြောင်း အကြံပြုထားပါသည်။

၉။ **ရောဂါထိန်းချုပ်နိုင်မှုအခြေအနေ။** ယခုအခါ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ရောဂါကျရောက်ဖြစ်ပွားခဲ့သည့် ၁၃ မြို့နယ်များ၌ ကြက်၊ ငုံး သေဆုံးမှုနှင့် ဖျက်ဆီးမှုမရှိခြင်းအရ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ အချို့မြို့နယ်များတွင် ရောဂါထိန်းချုပ်မှုကာလမှာ အမြင့်ဆုံး ၁၈ ရက်နှင့် အနိမ့်ဆုံး လေးရက်ရှိပြီဖြစ်သဖြင့် လက်ကျန်ကြက်ခြံများနှင့် တိုင်းရင်း ကြက်ဘဲများတွင် ကြက်ငှက်တုပ်ကွေးပိုးရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှုမရှိရေး၊ ရောဂါစူးစမ်းရှာဖွေလေ့လာမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဧပြီလကုန်ခန့်တွင် အဆိုပါ ရောဂါဖြစ်ပွားနယ်မြေများ၌ ထပ်မံရောဂါဖြစ်ပွား ပျံ့နှံ့ခြင်းမရှိပါက ရောဂါထိန်းချုပ်နယ်မြေများအဖြစ် သတ်မှတ်ထားရှိသည့် ကန့်သတ်နယ်မြေ၊ ထိန်းချုပ်နယ်မြေများကို ရောဂါထိန်းချုပ်မှု ကြီးကြပ်ဆောင်ရွက်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်လည်ရုပ်သိမ်းနိုင်တော့မည် ဖြစ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန။**

# အီတလီစီးရီးအေပွဲစဉ်(၃၄)ပြိုင်ပွဲများ

## ဧပြီ ၁၄ ရက် နှင့် ၁၅ ရက်ညပိုင်း၌ အကြိတ်အနယ်နွှဲကြမည်

စုစည်းတင်ပြသူ
**မြင့်မောင်စိုး**

မီလန် ဧပြီ ၁၂

**အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၄) ပြိုင်ပွဲကို ဧပြီ၁၄ရက်နှင့် ၁၅ရက် ညပိုင်းတို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။**

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ကျင်းပပြီးစီးရန် ငါးပွဲသာကျန်တော့ရာ မေ ၁၄ ရက်တွင် ရာသီကုန်ဆုံးမည်ဖြစ်သည်။

**ဦးဆောင်နေ**

လက်ရှိအခြေအနေအရ ဂျူဗင်းတပ်စ်အသင်းသည် အေစီမီလန်နှင့် အင်တာမီလန်ကဲ့သို့သော အသင်းများကို ခုနစ်မှတ်အကွာဖြင့် ဦးဆောင်နေသည်။

ဂျူဗင်းတပ်စ်က ၎င်း၏ ချန်ပီယံဆုကို ဆက်လက် ထိန်းသိမ်းမည့် အနေအထားရှိသည်။ ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။ အေစီမီလန်အသင်းသည် အီတလီစီးရီးအေတွင် ဂျူဗင်းတပ်စ် အသင်းနောက်မှ ခုနစ်မှတ်အကွာဖြင့် လိုက်နေရသော်လည်း ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ပြီဖြစ်၍ အသင်း၏ အောင်မြင်မှု အထိုက်အလျောက် ရရှိထားသည့် အသင်းဖြစ်သည်။

အင်တာမီလန် အသင်းသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်မှ ထွက်သွားရသည့် အသင်းဖြစ်သည်။ သို့ရာတွင် အင်တာမီလန်အသင်း

ဧပြီ၁၄ရက်ညပိုင်းတွင် အေစီမီလန်နှင့်အင်တာမီလန် ထိပ်သီးနှစ်သင်းဆုံတွေ့မည့် ပွဲကြီးပွဲကောင်းဖြစ်သည်။ အေစီမီလန်အသင်းသည် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့တက်ရောက်လာနိုင်သည့် အသင်းဖြစ်သည်။

အေစီမီလန်နှင့် ဘာစီလိုနာ အသင်းသည် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဖြစ် ဧပြီ၁၈ရက်တွင်

**အေစီမီလန်နှင့် ချီယေးဗိုတို့ ယှဉ်ပြိုင် ကစားခဲ့သော ယခင်အပတ်ပွဲစဉ်တွင် ချီယေးဗို နောက်တန်းလူ ဖာဘီယိုမာရီနှင့်အေစီမီလန် တိုက်စစ်မှူး ဖီးလစ်ပိုအင်ဇာဂီတို့ ဤသို့အကြိတ်အနယ် ဘောလုံးယှဉ်လုခဲ့ကြသည်။**
(ဓာတ်ပုံ-အင်တာနက်)

သည် ထိပ်ဆုံးရောက် ဂျူဗင်းတပ်စ်အသင်းနောက်မှ ကိုးမှတ်အကွာဖြင့် လိုက်လာသည်။

**ခြေရည်တူ**

ယင်းတို့နှစ်သင်းသည် ခြေရည်တူအနေအထားရှိသော်လည်း အေစီမီလန်က ပွတ်ကာသီကာဖြင့် အနိုင်ရသွားနိုင်သည်။

ဧပြီ၁၅ရက်ညပိုင်းတွင် အကြိတ်အနယ်ပွဲအဖြစ် ကက်ဂလီယာရီနှင့် ဂျူဗင်းတပ်စ်တို့ပွဲကို ကြည့်ရှုကြရမည်ဖြစ်သည်။ ထိပ်ဆုံးရောက်အသင်းနှင့် တန်းဆင်းဇုန် ရောက်အသင်းတို့၏ အားပြိုင်မှုပင်ဖြစ်သည်။ ဂျူဗင်းတပ်စ်က ၎င်း၏ အပိုင်သုံးမှတ်ကို မဖြစ်မနေ ရယူလိမ့်မည်ဟု မျှော်လင့်ရသည်။

အီတလီစီးရီးအေတွင် ကက်ဂလီယာရီ၊ မက်ဆီနာ၊ လက်ချီနှင့် ထရီဗီဆိုအသင်းများ ရောက်ရှိနေသည်။ ယင်းတို့လေးသင်းမှ ကက်ဂလီယာရီနှင့် မက်ဆီနာအသင်းတို့သည် တန်းဆင်းဇုန်မှ လက်မြောက်ရေးအတွက် လက်ကျန်ပွဲများကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားရင်း လွတ်မြောက်ရေးအတွက် ရုန်းကန်ကြိုးစား ကြလိမ့်မည်ဖြစ်သည်။ ကက်ဂလီယာရီက နံပါတ်၁၇နေရာမှာ ရှိနေပြီး ၃၃ မှတ်ရထားသည်။ မက်ဆီနာ အသင်းမှာ နံပါတ်၁၈နေရာတွင်ရှိပြီး ၃၁ မှတ်သာရရှိထားသည်။ လက်ချီနှင့် ထရီဗီဆိုအသင်းများသည် သေချာပေါက် တန်းဆင်းရမည့် အနေအထားရှိသည်။ လက်ချီက နံပါတ် ၁၉နေရာတွင် ရှိပြီး ၂၄မှတ်ရပြီး ထရီဗီဆိုက နံပါတ်၂၀နေရာ အောက်ဆုံးအသင်းဖြစ်ပြီး ၁၆မှတ်သာရခဲ့သည်။

**အကြိတ်အနယ်**

ဧပြီ ၁၅ ရက်တွင် အခြားပွဲများအဖြစ် လာဇီယိုနှင့်လီဗော်နို၊ ချီယေးဗိုနှင့် မက်ဆီနာ၊ ဆမ်ဒိုးရီးယားနှင့် ပါးမား၊ ပါလာမိုနှင့် ရိုးမား၊ အမ်ပိုလီနှင့် ဆီနာအသင်းတို့လည်း အကြိတ်အနယ်ပွဲများအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း မြန်မာ့အလင်းဘောလုံးပရိသတ်အား ကြိုတင်သတင်းစကား ပါးလိုက်ရပါသည်။

**(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

## ရုရှားထိပ်တန်း တင်းနစ်မယ် ဒုတိယမြောက်ဖလားဆွတ်ခူး

**ဖလော်ရီဒါ ဧပြီ ၁၂**

ရုရှားမှ နာဒီယာပီထရိုဗာသည် ရုရှားထိပ်တန်းတင်းနစ် အကျော်အမော်တစ်ဦးဖြစ်ပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက်နံပါတ်(၈)ရှိသူ တစ်ဦးဖြစ်သည်။

**ဆွတ်ခူး**

ပီထရိုဗာသည် ဖလော်ရီဒါ၌ကျင်းပသော အမျိုးသမီးတင်းနစ် ချန်ပီယံလုပွဲတွင် အီတလီမှ ဖရန်ဆက်ကာရီယာဘွန်းအားအနိုင်ရပြီး ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့သည်။

အသက် ၂၃နှစ်အရွယ်ရှိ ပီထရိုဗာသည် ရှီယာဘွန်းအား ၆-၄၊ ၆-၄ဖြင့် အနိုင်ရပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါဖလားသည် သူမအတွက် ယခုနှစ်အတွင်း ဒုတိယမြောက်ဖလားဖြစ်သည်။ ၎င်းသည် ဖေဖော်ဝါရီလက ဒိုဟာ၌ကျင်းပသော ပြိုင်ပွဲတွင်လည်း ဖလားဆွတ်ခူးနိုင်ခဲ့သည်။

**ဘူးရက်ပုံ ချန်ပီယံဖလားကို ကိုင်မြှောက်လျက် အောင်ပွဲခံနေသော ပီထရိုဗာအားတွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

သူမသည် ယခုပြိုင်ပွဲတွင် ရှီယာဘွန်းအား ခက်ခက်ခဲခဲကစားခဲ့ပြီး ဖလားကို ထိုက်တန်စွာ ဆွတ်ခူးလိုက်ခြင်းဖြစ်သည်။

**တက်လှမ်း**

ယင်းတို့နှစ်ဦးသည် ငါးပွဲစီကစား ယှဉ်ပြိုင်ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

ရှီယာဘွန်းသည် ကိုးနှစ်တာကာလအတွင်း ဗိုလ်လုပွဲသို့ ခုနစ်ကြိမ်ရောက်ရှိခဲ့သော်လည်း တစ်ပွဲမှဗိုလ်စွဲနိုင်ခဲ့ခြင်းမရှိသေးပေ။ တစ်နေ့နေ့တွင် ဗိုလ်စွဲရမည်ဟု သူမက ကတိပေးပြောကြားထားသည်။

ပီထရိုဗာသည် ၂၀၀၄ခုနှစ်နှင့် ၂၀၀၅ခုနှစ်တွင် အဆိုပါ အမျိုးသမီးချန်ပီယံတင်းနစ်ပြိုင်ပွဲသို့ အကြိုဗိုလ်လုပွဲသို့ရောက်ရှိခဲ့သူဖြစ်သည်။ ထိုနှစ်များက ကမ္ဘာ့နံပါတ်(၂)အဆင့်ရှိ လင်ဆေးဒါဗင်ပို့တ်အား ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## အော်ဂတ်စတာမာစတာဂေါက်သီးရိုက်ပြိုင်ပွဲ ဖေးလ်မိုက်ကယ်ဆွန် ဒုတိယအကြိမ်ဗိုလ်စွဲ

**အော်ဂတ်စတာမာစတာဖလား ဗိုလ်စွဲသွားသော ဖေးလ်မိုက်ကယ်ဆွန်အား ဂေါက်ကွင်း၌ အားပေးသူများနှင့်အတူ တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

**အော်ဂတ်စတာ ဧပြီ ၁၂**

မာစတာဂေါက်သီးရိုက်ပြိုင်ပွဲကို အော်ဂတ်စတာ၌ ကျင်းပခဲ့ရာ အမေရိကန်မှ ဖေးလ်မိုက်ကယ်ဆွန်က တောင်အာဖရိကမှ တင်မ်ကလပ်ထက် လျှော့ရိုက်ချက်နှစ်ချက်အသာဖြင့် သုံးနှစ်တာကာလအတွင်း ဒုတိယအကြိမ် ဗိုလ်စွဲနိုင်ခဲ့သည်။

၎င်းသည် နောက်ဆုံးနေ့က ၆၉ချက်ဖြင့် သုံးချက်လျှော့ရိုက်ခဲ့သည်။ ပြိုင်ပွဲတစ်လျှောက် စုစုပေါင်းခုနစ်ချက် လျှော့ရိုက်ကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ စပိန်မှ ဂျို့စ်မာရီယာအိုလာဇာဘယ်က စုစုပေါင်းလေးချက်လျှော့ ရိုက်ကာ တတိယနေရာမှလိုက်ခဲ့သည်။

ဂျို့စ်မာရီယာနှင့်အတူ တောင်အာဖရိကမှ ရစ်တစ်ဂူဆင်၊ တိုက်ဂါးဝုဒ်၊ ဖရက်ကော်ပဲ၊ ချတ်ကင်းဘဲလ်တို့သည်လည်း လေးချက်စီ လျှော့ရိုက်ခဲ့သည်။

အာဂျင်တီးနားမှ ကာဘရယ်ရာနှင့် ကမ္ဘာ့နံပါတ်(၂)အဆင့်ရှိ ဖီဂျီနိုင်ငံသား ဗီဂျေဆင်းတို့က သုံးချက်စီ လျှော့ရိုက်ခဲ့သည်။ အသက်၃၅နှစ်အရွယ်ရှိ မိုက်ကယ်ဆွန်သည် နောက်ဆုံးအကျော့တွင် တစ်ချက်အသာဖြင့်သာ ဦးဆောင်နိုင်ခဲ့ပြီး တတိယအကျော့တွင် အချက်ပိုရိုက်ခဲ့ရသည်။

အမေရိကန်သား ကော်ပဲသည် လွန်ခဲ့သော ၁၄နှစ်က ယင်းဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးခဲ့ပြီး ယခုအခါ ၎င်းသည် အသက် ၄၆ နှစ်ဖြင့် အသက်အကြီးဆုံး ဂေါက်သီးကစားသမားဖြစ်လာခဲ့သည်။

**(အင်တာနက်)**

## ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

**မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်း သွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။**

**သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-**

**(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။**
**(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။**
**(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။**
**(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။**
**(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။**
**(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။**

**ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-**

**(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။**
**(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။**
**(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။**

ကျန်းမာရေးဝန်ကြီးဌာန။

## မြန်မာ့ရုပ်မြင်သံကြား

**၁၃-၄-၂၀၀၆ရက် (ကြာသပတေးနေ့)**
**(သင်္ကြန်အကြိုနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅ ၇။ အတီးပြိုင်ပွဲ
၈း၁၅ ၈။ နတ်သားတောရေလှောင်တမံ
၈း၂၅ ၉။ အဆိုပြိုင်ပွဲ
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ ခါသင်္ကြန်အဆိုအကများ

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၀ ၄။ တေးဂီတအစီအစဉ်
၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ]
၁၇း၁၀ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၂၀ ၇။ တေးဂီတအစီအစဉ်
၁၇း၃၀ ၈။ **“မျှော်သူမမောစေချင်”** စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇း၄၀ ၉။ ခါသင်္ကြန်အဆိုအကများ
၁၇း၅၀ ၁၀။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၀၀ ၁၁။ ညနေခင်းသတင်း
၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၃။ ချစ်စရာ့တာသင်္ကြန်
၁၉း၀၀ ၁၄။ ခါသင်္ကြန်အဆိုအကများ
၁၉း၁၅ ၁၅။ ရှုဖွယ်စုံညီ မြန်မာပြည် **(အပိုင်း-၁)**
၁၉း၃၀ ၁၆။ တေးဂီတအစီအစဉ်
၁၉း၄၅ ၁၇။ တိတ်ဆိတ်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည် သာသနာ့ရိပ်သာ
၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **“အပြာရောင်ပုံပြင်”** ခန့်စည်သူ၊ မျိုးစန္ဒီကျော် (ဒါရိုက်တာ-ညွန့်မြန်မာ ညီညီအောင်)
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

| | | |
|---|---|---|
| [illegible] | | |
| [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] |
| [illegible] | THE MYTH | JACKIE CHAN, KIM HEE SEON MALLIKA SHERAWAT |
| [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] |
| [illegible] | | |

**ကျေးဇူး ဆပ်ပါမည်**

ကျွန်မ ဝင်းမြမြစံ ၁၂/ကမရ(နိုင်)၀၁၃၉၇၆၏ P.P° အမှတ် ၃၃၈၅၈၂ ပျောက်ဆုံးသွားပါ၍ တွေ့ရှိကပေးပို့ပါရန်။

**ဖုန်း–၅၆၀၅၇၂။**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အကွက်အမှတ် ၇၊ Ninety Degree (90) သကြ်န်ရေကစားမဏ္ဍပ် တာဝန်ခံများဖြစ်သည့် ဦးချမ်းမြေ့အောင်နှင့် ဦးဖြိုးမင်းနိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

Ninety Degree(90) သကြ်န်မဏ္ဍပ်မှ ဖြန့်ဝေခဲ့သည့် လက်ကမ်းစာစောင်တွင်ပါရှိသည့် DJ. Jay မှာ **DJ.Jay(ရောသမမွှေ)**နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးချမ်းမြေ့အောင်နှင့် ဦးဖြိုးမင်းနိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–

**ဒေါ်နမ့်ဖြူပြာမြင့် LL.B** **ဦးအောင်ကျော်မင်း**
**ဒေါ်ရွှေမိုးယံ့ညွန့် LL.B** **B.A,D.A.,R.L**
**အထက်တန်းရှေ့နေများ** **တရားရုံးချုပ်ရှေ့နေ**

**အမှတ် ၅၀၊ ပထမထပ်၊ အခန်း D/4၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း–၇၀၁၄၃၉။**


EMS INTERNATIONAL

အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်း

* ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် " EMS International "(အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း) အား ၁.၄.၂၀၀၆ နေ့မှစ၍ ကဏ္ဍသစ်တစ်ရပ်တိုးချဲ့ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါသည်။

* ဝန်ဆောင်မှုများမှာ–
  - Pick-up Service ( by phone / by messenger )
  - Counter Service ( Hantharwady Office )
  - Door to Door Delivery Service ( all materials )
  - Proof of Delivery Service ( Free of Charge )
  - Internet Track & Trace Service ( Free of Charge )
  - A1 cheapest rate
  - 32 major countries ( Asia / Europe / America )
  - Documents / Sample / Gifts / Commercial Papers / Parcels

" အချိန်ကိုအတွင်း အထူးသက်သာသောနှုန်းထားဖြင့် အမြန်ဆုံး အလုံခြုံဆုံးသောလမ်းကြောင်းမှတစ်ဆင့် အကောင်းဆုံး ဝန်ဆောင်မှုပေးသွားပါမည်။ " လူကြီးမင်း၏ အားပေးမှုကို နွေးထွေးစွာစောင့်ကြိုလျက် !!!

EMS International Fast , Safe & Warm

Address: EMS International , No (361) Pyay Road , Hantharwady , Sanchaung T/S , Yangon , Myanmar

Customers Service Tel : 95-1-503576 , 95-1-503578, ( Hot Line )

Fax: 95-1-503583 , 95-1-503584

Manager Tel : 95-1-503582

Assistant Manager Tel : 95-1-503581

E.mail Address myanmaposts@mptmail.net.mm


# မြောက်ဥက္ကလာပ၊ဆိပ်ကြီးခနောင်တိုနှင့် မုံရွာမြို့နယ်များ၌မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဧပြီ ၁၂**

ဧပြီ၁၀ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် အဝေရာလမ်း အမှတ်၁၀၅/၁၁၁နေ ဦးကျော်ဦး၏ အရှေ့ပင်လယ်အအေးခန်း ငါးဖမ်းစက်ရုံ၌ အမိုးနီးယားအိပ်ဇောပန်ကာအပူလွန်၍ မီးစတင်လောင်ကျွမ်းမှုကြောင့် ငါးထည့်သည့်ပါကင်ပုံး(စက္ကူပုံး)များ မီးလောင်ပြီး ငွေကျပ်၅၀၀၀၀ဖိုးခန့် ဆုံးရှုံးခဲ့သည်။

**မုံရွာ**

အလားတူ ဧပြီ၁၀ရက်ညပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ကျောက္ကာကျေးရွာ ရေနံချက်ဖိုနယ်မြေ ဦးဟန်စိန်၏ ဆီသိုလှောင်ကန်တွင် ကန်မှတစ်ဆင့် ပီပါအတွင်းသို့ ပန့်ဖြင့် စုပ်တင်ရာမှ မီးစတင်လောင်ကျွမ်းမှုကြောင့် ဒီဇယ်ဆီ နှစ်ပီပါခန့်မီးလောင်ပြီး ငွေကျပ်၁၂၅၀၀၀ဖိုးဆုံးရှုံး၍ လူတစ်ဦးဒဏ်ရာရခဲ့သည်။

**ရန်ကုန်တိုင်း**

ထို့အတူ ဧပြီ၁၁ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဒေါ်ဌေးဌေးမော်ပိုင် ဂိုးစတားကုမ္ပဏီ ရွှေနဂါး(၁၀၄)ငါးဖမ်းစက်လှေသည် ဗားဂရာဆိပ်ကမ်းမြစ်လယ်၌ ဆိုက်ကပ်ထားပြီး စက်ခန်းအတွင်း ဂဟေဆက်နေစဉ် ဆီပေနေသောကြမ်းပြင်ပေါ် မီးပွားကျရာမှစတင်၍ မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် မီးအားမြှင့်စက်၊ ဒါးမိန်းဝါယာကြိုးများ မီးလောင်ခံရပြီး ငွေကျပ်တစ်သိန်းဖိုးခန့် ဆုံးရှုံးသွားသည်။

ထို့ပြင် ဧပြီ၁၁ရက် ည ၁နာရီကျော်တွင် ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီး အနောက်ရပ်ကွက်ရှိ လွန်းကျင်းဘေး၌ကပ်ထားသော ပိုင်ရှင် ဦးအုန်းမောင်၏ ပြည်ကျော်အမည်ရှိ သင်္ဘောဟောင်းတွင် ထင်းမီးဖို မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းမှုကြောင့် ငွေကျပ်၁၀သိန်းဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဦးသန်းဝင်းအား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၁၄/၃)ရပ်ကွက် သံသုမာလမ်းနေ ဒေါ်ကြည်အောင်(အေးစန္ဒာမိသားစု)က ဥက္ကလာပစေတီတော် ရှေးဟောင်းခုနစ်ဆူဘုရားနှင့် ပေါ်တော်မူစေတီပရဝဏ်အတွင်း တည်ဆောက်နေသော နှစ်ကျိပ်ရှစ်ဆူ သိမ်တန်ဆောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းနှစ်သောင်း ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**

**ရန်ကုန်တိုင်းတရားရုံး**

**၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၁၈**

| | | |
|---|---|---|
| ဦးကျင်ခန့်ပြောင် အမှတ် ၁၁၇၂၊ ဗိုလ်ချုပ်လမ်း (၃၇)ရပ်ကွက်၊ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။ | **နှင့်** | ဒေါ်တင်မြတ်လတ် တိုက်အမှတ် ၁၀၁၊ အခန်း ၁၀၁၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်း မြို့နယ်၊ ရန်ကုန်မြို့။ |
| **တရားလို** | | **တရားပြိုင်** |

ဒေါ်တင်မြတ်လတ်၊ တိုက်အမှတ် ၁၀၁၊ အခန်း ၁၀၁၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်း မြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ် တရားလို ဦးကျင်ခန့်ပြောင်က သီးခြားသက်သာခွင့် ဥပဒေပုဒ်မ–၁၂အရ ၁၀–၁–၂၀၀၆နေ့စွဲပါ အရောင်းအဝယ်စာချုပ်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၆ ခုနှစ် ဧပြီ ၂၇ရက် (၁၃၆၈ခုနှစ် ကဆုန်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်၍ စစ်ဆေးသွားမည်ဖြစ်သည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဧပြီ ၁၀ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မျိုးမောင်**
**တွဲဖက်တိုင်းတရားသူကြီး(၆)**
**ရန်ကုန်တိုင်းတရားရုံး။**


ကွမ်းရှက်ပုံ

## စူဠဘွဲ့နှင်းသဘင် ရွှေတောင်၌ ကျင်းပ အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်

ရွှေတောင် ဧပြီ ၇

**၂၀၀၅ခုနှစ်တွင် အောင်မြင်တော်မူသော စာအောင်သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ်နှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်ပွဲနှင့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဧပြီ ၂ ရက်က ရွှေတောင်မြို့သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။**

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ရွှေတောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးအဂ္ဂဝံသထံမှ ကိုးပါးသီလခံယူ၍ ဩဝါဒကထာနာယူကြကာ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ စာအောင်သံဃာတော်များနှင့် သီလရှင်များအား မြို့နယ်ဥက္ကဋ္ဌဦးသန်းမြင့် **(အပေါ်ဝဲပုံ)** အဖွဲ့ဝင်(၁) ဒုတိယရဲမှူး လှဦး၊ အဖွဲ့ဝင်(၂) မြို့နယ်သာသနာရေးမှူး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ဘွဲ့နှင်းသဘင်၌ အကြီးတန်းအောင်ငါးပါး၊ ပထမလတ်တန်းအောင် ရှစ်ပါး၊ အငယ်တန်းအောင် ရှစ်ပါး စုစုပေါင်း ၂၁ ပါးတို့အား ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**မုဒုံမြို့နယ် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၂၄ ဦးအတွက် မတ် ၂၄ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း(ဗဟို) အလုပ်အမှုဆောင် မွန်ပြည်နယ်တာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က အဘိုးအဘွားတစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ် ၅၀၀၀ စီ ပေးအပ်ပြီး အဘိုးအဘွားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။**

(မြို့နယ် ပြန်/ဆက်)

## ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ လင်းခေး၌ ကျင်းပ ပျိုးကိုင်းများ ရေလောင်း၊ အစိုဓာတ်ထိန်းသိမ်းရန်ပြုပြင်

လင်းခေး ဧပြီ ၂

**လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်ကို မတ် ၂၂ ရက် နံနက် ၈ နာရီက ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိုက်ကွက်မြေနေရာများ၌ ကျင်းပသည်။**

အဆိုပါခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲတော်သို့ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ အင်အား ၂၀၀၀ခန့် တက်ရောက်ကြသည်။

**တပျော်တပါးဆောင်ရွက်**

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စံပြ ကြက်ဆူစိုက်ခင်း၌ ကြက်ဆူပျိုးကိုင်းများကို စိုက်ပျိုးပေးခြင်း၊ ရေလောင်းပေးခြင်းနှင့် ကြက်ဆူပင်များအစိုဓာတ်ထိန်းသိမ်းနိုင်ရန် ပြုပြင်ပေးခြင်းတို့ကို တပျော်တပါး ဆောင်ရွက်ကြသည်။

**စိုက်ပျိုးကြ**

အလားတူ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ အရန်မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ အထက်တန်းကျောင်းနှင့် ပင်ဝေါင်အခြေခံပညာအလယ်တန်းကျောင်းစိုက်ခင်းများသို့ ရောက်ရှိကြပြီး ကြက်ဆူပင်များကို အတူတကွ ပါဝင်၍ စုပေါင်းစိုက်ပျိုးပေးကြသည့်အပြင် လင်းခေးမြို့နယ် ဈေးတန်းရပ်ကွက်မှ ပုဂ္ဂလိကလုပ်ငန်းရှင် ၁၈ဦး၏ခြံစည်းရိုး ကြက်ဆူပင်စိုက်ကွက်သို့ သွားရောက်ကာ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ စိုက်ပျိုးကြသည်။

ယင်းနေ့က ကျင်းပသော ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲမှာ ဧက ၄၀ ဖြစ်ပြီး စိုက်ပျိုးသည့် အပင်အရေအတွက် စုစုပေါင်းအပင် ၄၈၀၀၀ ဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## လူငယ်စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

**တီးတိန် ဧပြီ ၆**

ချင်းပြည်နယ် တီးတိန်မြို့ မြို့မရပ်ကွက်လူငယ်စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းပွဲကို မတ် ၃၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဂိုးဆွင်းခိုင်မိသားစုများ ပူးပေါင်း၍ အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

**လက်ခံရယူ**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဒိုင်ခန့်ဒိမ့်က သုတ၊ ရသ စာအုပ်များကို လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး မိသားစုက ဂျာနယ်မျိုးစုံကို လည်းကောင်း ပေးအပ်ရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးဂင့်ဟောက်ပုမ့်က လက်ခံရယူသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာထောက် (၃) ဒေါ်လျှန်းဒိုးကျိန်က စာကြည့်တိုက် အဓွန့်ရှည် ရှင်သန်ရေးအတွက် စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ပြောကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ပြည်ခရိုင်ဥက္ကဋ္ဌ မိုးစပါးစိုက်ပျိုးရေးဆွေးနွေး ခြံစည်းရိုးကြက်ဆူပင်ဧကပြည့်မီရေးမှာကြား

**ပေါက်ခေါင်း ဧပြီ ၄**

ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေးသည် အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်း၊ အဖွဲ့ဝင်(၁)ဦးအောင်ခင်နှင့် စိုက်ညှိအဖွဲ့ဝင်များ လိုက်ပါလျက် မတ် ၃၁ ရက်က ပေါက်ခေါင်းမြို့ ဝက်တိုးကျေးရွာ၌ ရွာတောင်အုပ်စု၊ ကျွဲပေါင်ပင်အုပ်စု၊ ရုပ်သစ်အုပ်စုတို့မှ တောင်သူ ၂၅၀ ခန့်နှင့်တွေ့ဆုံပြီး မိုးစပါးတိုးချဲ့ဧက ၆၀၀ စိုက်ပျိုးရေးနှင့် ကြက်ဆူပင်စိုက်ပျိုးရေးကိစ္စများ မှာကြားသည်။

ဆက်လက်၍ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုတာဝန်ခံ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများနှင့် တွေ့ဆုံကာ မိုးစပါးနှင့် ကြက်ဆူပင်ဧက ပြည့်မီရေးကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန် မှာကြားပြီး **(အပေါ်ပုံ)** မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်သူ့ ရဲတပ်ဖွဲ့ရုံးတို့အတွင်း၌ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးအောင်မြင်မှုတို့ကိုကြည့်ရှုစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းအောင်နှင့် ဒုတိယရဲမှူးဇော်ဝင်းကျော်တို့က ရှင်းလင်းတင်ပြကြသည်။ **(က-ပ)**

**ပဲခူးတိုင်း အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်အုံးမြင့်နှင့် အဖွဲ့ဝင်များ မတ် ၂၉ ရက်က လက်စွပ်ကျကျေးရွာမှ သက်ကြီးရွယ်အို အဘိုးအဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် ဆေးဝါးအာဟာရများ ပေးအပ်လှူဒါန်းစဉ်။** (၁၁၆)

**မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁) ဈေးကြီး မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မတ် ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦး၊ဒုတိယဦးစီးမှူး (ဈေး) ဦးအောင်ကျော်ဟိုးနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မီးသတ်ဆေးဘူးများအသုံးပြုပုံကို လက်တွေ့လေ့ကျင့် ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## နွေရာသီသင်တန်းပေါင်းစုံဖွင့်ပွဲ ဝမ်းတွင်း၌ကျင်းပ

**ဝမ်းတွင်း ဧပြီ ၄**

ဝမ်းတွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ၂၀၀၆ ခုနှစ် နွေရာသီသင်တန်းပေါင်းစုံဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက် နံနက် ၈ နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**

**တက်ရောက်**

အဆိုပါသင်တန်းတွင် သင်တန်း ၁၄ မျိုး ဖွင့်လှစ်ပြီး သင်တန်းသားသင်တန်းသူ ၂၇၅၄၉ ဦး တက်ရောက်ကြကြောင်းနှင့် သင်တန်းကာလမှာ မေ ၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီ ကရဝိက်ရွှေသင်္ကန်း ကပ်လှူရန်အတွက် အမှတ် ၁၇ စီ သာယာဝတီလမ်း ဗဟန်းမြို့နယ်နေ ရွှေပုစွန်အထည်ချုပ်လုပ်ငန်းမှ ဦးမျိုးအောင်–ဒေါ်ရွှေစင် မိသားစုက အလှူငွေကျပ် ၆၆၀၀၀၀ ကိုဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးထံပေးအပ်လှူဒါန်းစဉ်။ (က–ပ)

## ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ကျန်းမာရေးနှင့် မီးဘေးကာကွယ်ရေးဟောပြော

ဂန့်ဂေါ မတ် ၂၀

မကွေးတိုင်း ဂန့်ဂေါခရိုင်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ကျန်းမာရေးနှင့် မီးဘေးကာကွယ်ရေး ဟောပြောပွဲကို မတ် ၉ ရက်က ဂန့်ဂေါမြို့ မြို့မရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

### ရှင်းလင်းဟောပြော

ဟောပြောပွဲတွင် မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့အလုပ်အမှုဆောင် ဒေါ်သီတာက အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ကြူ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အကြီးတန်းသူနာပြု(၁)ဒေါ်ခင်အုန်းမြင့်၊ ကျန်းမာရေးဆရာမဒေါ်တင်မူနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဦးထင်အောင်ဝင်းတို့က ကဏ္ဍအလိုက် ရှင်းလင်းဟောပြောကြသည်။ (၂၇၃)

မော်လမြိုင်မြို့သမိုင်းဝင်ကျိုက်သလ္လံစေတီတော် ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရန်အတွက် ဧပြီ ၄ ရက်က မော်လမြိုင်မြို့ ဖက်တန်းနယ်မြေ ဒေါ်ပုရပ်နေ ဒေါ်ခင်မြိုင်မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

## မန္တလေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ ညှိနှိုင်းစည်းဝေး ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များရှင်းလင်း

မန္တလေး ဧပြီ ၆

မန္တလေးခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁ ရက် ညနေ ၃ နာရီက ခရိုင် အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်စန္ဒာ၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

### ရှင်းလင်းမှာကြား

အစည်းအဝေးတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်စန္ဒာက ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက မိမိတို့ ဆောင်ရွက်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။ **(၃၁၃)**

## အမြို့မြို့ အနယ်နယ် သတင်းများ

**ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ချမ်းမြေ့သာယာလမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေကို မတ် ၁၀ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစံလွင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

### တံတားပြုပြင်

**ထီးချိုင့်–ကျောင်းကုန်းလမ်းပေါ်ရှိ အလည်တောတံတား ပြုပြင်ခြင်းလုပ်ငန်းခွင်ကို မတ် ၂၃ရက်က ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ ဦးဌေးအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ် စည်ပင်)

## မိုင်းလီချောင်းရိုး ကျောက်ချောလမ်းသစ်ဖွင့်

**ညောင်ရွှေ ဧပြီ ၂**

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသော မိုင်းလီချောင်းရိုး ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၉နာရီခွဲက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲမွန်တို့က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မိုင်းလီချောင်းရိုးလမ်းသစ်မှာ အရှည် ပေ ၂၃၃၀၊ အကျယ် ၁၂ပေရှိပြီး ငွေကျပ် ၃၅၃၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## လောင်းလုံးမြို့နယ် ကျေးရွာချင်းဆက်လမ်းနှင့် တံတားများဖွင့်

**လောင်းလုံး ဧပြီ ၃**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သောလောင်းလုံးမြို့နယ် ရဘဲ–စွန်ကြီး ကျေးရွာချင်းဆက်မြေသားလမ်းနှင့် တံတား ၁၂စင်းဖွင့်ပွဲကို မတ် ၂၄ရက်က ရဘဲကျေးရွာအဝင်မင်္ဂလာမုခ်ဦးနှင့် မဏ္ဍပ်၌ ကျင်းပသည်။

### လက်ခံရယူ

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးပြည်ထွန်းက မြေသားလမ်းနှင့် တံတား ၁၂စင်း ဖောက်လုပ်တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအထိမ်းအမှတ်အလံများကို အမှုဆောင်အရာရှိ ဦးတင်အုံးက ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိန်လှနှင့် အတွင်းရေးမှူး ဦးဉာဏ်စိုးတို့က လက်ခံရယူကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရဘဲ–စွန်ကြီး ကျေးရွာချင်းဆက်မြေသားလမ်းနှင့် သစ်သားတံတား ၁၂ စင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးစိန်လှနှင့် အမှုဆောင်အရာရှိ ဦးတင်အုံးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(နယ်စပ်/စည်ပင်)**

## မီးဘေးအန္တရာယ်လုံခြုံကင်းဝေးရေး နွားထိုးကြီး၌ အခြေခံမီးသတ်သင်တန်းဆင်း

**နွားထိုးကြီး မတ် ၃၁**

ကျေးလက်ဒေသမီးဘေးအန္တရာယ်လုံခြုံကင်းဝေးစေရေးအတွက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံမီးသတ်သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၃ ရက် ညနေ ၃ နာရီက နွားထိုးကြီးမြို့ ကဒေါင်းကျေးရွာအုပ်စု ငှက်ပျောအိုင် စံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲခန်းမတွင် ကျင်းပသည်။

### သင်တန်းဆင်းလက်မှတ်ပေး

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးအောင်သန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိန်ထွန်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်မီးသတ် ဦးစီးမှူးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးအေးသန့်ဆွေတို့က သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ဆက်လက်၍ ကဒေါင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိန်မှန်က သင်တန်းနည်းပြ ဦးတင်ဝင်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး သင်တန်းသားများက လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။ **(၂၁၃)**

**ရွှေဘိုမြို့ အောင်ဇေယျလမ်းမကြီး လမ်းလယ်ပန်းခွက်များတွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကိုမတ် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)

[illegible] (Ivan Mar) [illegible]

“[illegible]”

[illegible] - [illegible] (Six Friends Fancy Shop-Lashio)

[illegible] - [illegible] (Illusion Fashion Shop-[illegible])

[illegible] - [illegible] (Six Friends Fashion Shop-[illegible])

[illegible] - [illegible] (B.Sc Maths)

[illegible] - [illegible] (2nd Year B.A. Geography)

[illegible] - [illegible]



[illegible]

Jeep, Hilux, pick-up

[illegible]



**ဦးရာလူရောင်းမည်**

ဒဂုံမြို့သစ် (မြောက်ပိုင်း) တက္ကသိုလ်ရိပ်မွန်အိမ်ရာရှိ ပေ ၈၀ x ပေ၁၀၀ မြေကွက်ပေါ် R.Cနှစ်ထပ်တိုက် ရေ၊မီးစုံ နေရာကောင်း။

**Ph-095 102815, 098033902**



# ဂုဏ်ယူဝမ်းမြောက်ကြောင်း

တောင်ကြီးမောက်မယ်သနပ်ခါး (Libra Co.,Ltd)သည် မြန်မာ့သနပ်ခါးလောကတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ကြောင်း နိုင်ငံတကာစံညွှန်းသတ်မှတ်ရေးအဖွဲ့က ပေးအပ်သည့် ISO°9001.,2000(3996) လက်မှတ်ကို ပထမဦးစွာရရှိသည့်အတွက် အလွန်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

Masda Chemical Int'l Co.,Ltd.
No.108/110,konzedan St,Lower Block,
Pabedan t/s. Tel., 376475 / 243922.


**လူပျောက်ကြော်ငြာ**

ရန်ကုန်မြို့ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်း၊ အမှတ်(၇) ၄လွှာ B နေ ဒေါ်ဝင်းဝင်းထွေး၏ ခင်ပွန်းဖြစ်သူ ဦးမျိုးဝင်း အသက်(၄၃)နှစ်သည် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပါ။ လက်ခံထားသူများ တရားဥပဒေအရ အရေးယူခံရမည်။ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉ ၅၀ ၂၂၆၃၁။**


[illegible]

**Family Entertainment Group Co., Ltd** [illegible]

| | | | |
|---|---|---|---|
| (က) | Supervisor | မ(၅)ဦး | (ရန်ကုန်) |
| (ခ) | Branch Incharge | ကျား/မ(၆)ဦး | (နယ်မြို့) |
| (ဂ) | Cashier | မ(၃)ဦး | (ရန်ကုန်/နယ်မြို့) |
| (ဃ) | Computer Operator | ကျား/မ(၆)ဦး | (နယ်မြို့) |
| (င) | Receptionist | မ(၆)ဦး | (နယ်မြို့) |
| (စ) | Accountant | မ(၆)ဦး | (ရန်ကုန်/နယ်မြို့) |
| (ဆ) | Admin Clerk | ကျား/မ(၄)ဦး | (နယ်မြို့) |
| (ဇ) | Store Keeper | မ(၄)ဦး | (နယ်မြို့) |
| (ဈ) | D.T.P([illegible]) | မ(၅)ဦး | (ရန်ကုန်) |
| (ည) | [illegible] | ကျား/မ(၅)ဦး | (ရန်ကုန်) |
| (ဋ) | Assistant Manager (Customer Service) | မ(၂)ဦး | (ရန်ကုန်) |
| (ဌ) | Assistant Manager (Sales & Marketing) | ကျား(၁)ဦး | (ရန်ကုန်) |

- [illegible]
- [illegible]
- [illegible] Software [illegible]
- [illegible]
- [illegible] B.Com (သို့) LCCI level III [illegible] Computerized Accounting Software [illegible] Final Account [illegible]
- [illegible]
- [illegible]
- [illegible] Microsoft Word, Excel, Page Maker [illegible]
- [illegible]
- [illegible] Customer Relation [illegible]
- [illegible]

[illegible] CV [illegible]

[illegible]


## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## (အောက်မြန်မာပြည်)
## ရန်ကုန်အဝေးသင်တက္ကသိုလ်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၅ ပညာသင်နှစ်အတွက် ၂၀၀၅ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပခဲ့သော ရန်ကုန်အဝေးသင်တက္ကသိုလ်(ဘွဲ့)စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ဒဂုံ၊ရန်ကုန်အရှေ့ပိုင်း၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေ၊ ပြည်၊ ထားဝယ်၊ တောင်ငူ၊ဟင်္သာတ၊ပဲခူး၊ ဘားအံ၊ မြိတ်၊ မအူပင်နှင့် ရန်ကုန်အနောက်ပိုင်းဌာနခွဲများမှ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို ၂ × ၁ ½ လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ် (၂)ပုံနှင့် မှတ်ပုံတင် မိတ္တူတို့ကိုပူးတွဲ၍ ၃၁-၅-၂၀၀၆ ရက်နေ့ နောက်ဆုံးထား လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည်ဘွဲ့နှင်းကြေး ၁၅၀၀ိ/(ကျပ်တစ်ထောင့်ငါးရာတိတိ) အဝေးရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)ကိုပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ ဖြေဆိုအောင်မြင်ခဲ့သည့် ဌာနခွဲများတွင် အခမဲ့ ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်ပြီး အဝေးသင်တက္ကသိုလ်သို့ ပေးသွင်းရန်ကျန်ရှိသော အခကြေးငွေများ ပြေလည်အောင်ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် ဌာနခွဲတွင် ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာဌာနခွဲသို့ စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာ ရေးသား၍ လျှောက်လွှာရှင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်သော်လည်း၊ မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲမှတစ်ဆင့် စိစစ်ခြင်းမပြုလျှင်သော်လည်းကောင်း၊ ကျသင့်ငွေပေးသွင်းခြင်းမပြုလျှင်သော်လည်းကောင်း၊ အချိန်မီ ပေးပို့ခြင်းမပြုလျှင်သော်လည်းကောင်း၊ အခကြေးငွေများပေးသွင်းရန် ကျန်ရှိနေသေးလျှင်သော်လည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၈။ ၂၀၀၅ ပညာသင်နှစ်မတိုင်မီက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့် အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**တင်တင်ဝင်း**
**(မော်ကွန်းထိန်း)**
**စာမေးပွဲနှင့် ဘွဲ့နှင်းဌာန**
**ရန်ကုန်အဝေးသင်တက္ကသိုလ်။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်

ရန်ကုန်မြို့။ ၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၃)ရက်
၂၀၀၆ခုနှစ်၊ ဧပြီလ(၁၀)ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် နိုင်ငံတော်အကျိုး၊ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် ၂၀၀၆ခုနှစ်၊ ဇွန်၊ဇူလိုင်လတွင် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာအထူးရောင်းချပွဲတွင် သင့်လျော်သည့် အခြေခံရောင်းဈေးသတ်မှတ်သည့်ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့်ယှဉ်ပြိုင်ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်လျော်သည့် အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ် တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီအနေဖြင့်လည်း ယခင်ကျောက်မျက်ရတနာပြပွဲများနည်းတူ ရောင်းချငွေများအမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ(Export Earning) အဖြစ်သတ်မှတ်ရေးနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ထို့အပြင် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ ပြည်တွင်း၊ ပြည်ပမှရတနာကုန်သည်များများ တက်ရောက်စေရန်၊ ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာများ၊ ပြည်တွင်းရတနာကုန်သည်ကြီးများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၀၆ ခုနှစ်၊ ဇွန်၊ ဇူလိုင်လတွင် ကျင်းပမည့် ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၆ခုနှစ်၊ဧပြီလ(၁၈) ရက်မှ မေလ(၁၈)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနှင့် ဆက်သွယ်၍ တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို စစ်ဆေးခြင်းနှင့် အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်ခြင်းများဆောင်ရွက်နိုင်ပါသည်။

၄။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့။ ကျောက်မျက်ရတနာတူးဖော်ရေးဌာန(မိုးကုတ်မြို့)။ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) သို့သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါ လုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။**

မော်လမြိုင်ကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သော မြို့မ(၂)ရပ်ကွက် ရွှေကျွန်း (၄)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ဧပြီ ၇ ရက်က အမှုဆောင် အ ရာ ရှိ ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းနိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင် မျိုး ဥ ယျာဉ် အတွင်း ခြံစည်းရိုး ကြက်ဆူပင်မျိုးစေ့များပျိုးအိတ်အတွင်း ပျိုးထောင်နေမှုကို မတ် ၅ရက်က အမှုဆောင် အ ရာ ရှိ ဦးမြင့်ဦး ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ယမန်နေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ စီမံကိန်းဧည့်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးထွန်းလှိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ နောက်ခံသမိုင်း၊ လေဆိပ်တိုးချဲ့တည်ဆောက်ခဲ့မှုအဆင့်ဆင့်နှင့် လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေးစီမံကိန်းနှင့် လေယာဉ်ပြေးလမ်းတိုးချဲ့ရေးစီမံကိန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ စီမံကိန်းအင်ဂျင်နီယာဦးကျော်ရွှေက လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၌ ပါဝင်သည့်လုပ်ငန်းများအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ **စာမျက်နှာ ၉ ကော်လံ ၄** ❐

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်အကြို နံ့သာသွေးပွဲ မစမီ ယောကျ်ားပျိုများက မိန်းမပျိုများအား ရေပက်ကစားဟန်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

# ရခိုင်တိုင်းရင်းသူ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော် နံ့သာသွေးပွဲ

**သတင်းဆောင်းပါး—ကိုထွေး၊ ဓာတ်ပုံ—မြန်မာ့အလင်း**

**ရန်ကုန် ဧပြီ ၁၂**

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)က စီစဉ်ကျင်းပသည့် တတိယအကြိမ် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့ သိမ်ဖြူယာဉ်မောင်းသင်ကွင်း၌ ဧပြီ ၁၃ရက်(**သင်္ကြန်အကြိုနေ့**)မှ စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ သင်္ကြန်အကြိုနေ့မတိုင်မီ ယနေ့ ညနေ ၄နာရီက ရခိုင်ရိုးရာနံ့သာသွေးပွဲတော်ကို သိမ်ဖြူယာဉ်မောင်းသင်ကွင်းဗဟိုမဏ္ဍပ်၌ ကျင်းပသည်။ **စာမျက်နှာ ၉ ကော်လံ ၁** ❍

## သင်္ကြန်အကြိုနေ့ နေပြည်တော်မြို့တော်သာယာ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(ဧပြီ ၁၃ရက်)၌ အများအားဖြင့် သာယာမည်။

# စည်းကမ်းတကျ ပျော်ရွှင်စွာဆင်နွှဲ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲ

**အထူးဆောင်းပါး—မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ—တင်စိုး နှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)**

**ရန်ကုန် ဧပြီ ၁၂**

မြန်မာ့နှစ်သစ်ကူး ရိုးရာသင်္ကြန်ပွဲတော်ကာလသို့ ရောက်ရှိခဲ့ပေပြီ။ တစ်နှစ်တာကာလတစ်လျှောက် မျှော်လင့်စောင့်စားခဲ့ရသော သင်္ကြန်ပွဲတော်ကို လူကြီးလူငယ်မရွေး ရင်ခုန်ပျော်ရွှင်သောစိတ်ဖြင့် ဖြတ်သန်းကြတော့မည်ဖြစ်သည်။ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်သည်ကား မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် အစည်ကားဆုံးနှင့် ပျော်ရွှင်စရာ အကောင်းဆုံးပွဲတော်တစ်ခု ဖြစ်သည်။

သင်္ကြန်ပွဲတော်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ရွာ၊ ကျေးလက်အထိ တပျော်တပါး ဆင်နွှဲကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများကိုထိန်းသိမ်းကာ **စာမျက်နှာ ၇ ကော်လံ ၁** ●

**၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု သင်္ကြန်ပွဲတော်၌ ဤသို့ ပျော်ရွှင်စွာ နွှဲပျော်ခဲ့ကြသည်။** (မြန်မာ့အလင်း)

**မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်နှင့် သမီးပျိုလေးများ၏ နုပျိုသော အလှနှင့်အက။** (မြန်မာ့အလင်း)

# ဘဏ်အတိုးနှုန်းများ တိုးမြှင့်သတ်မှတ်

ရန်ကုန် ဧပြီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် အများပြည်သူ၏အကျိုးကို ရှေးရှုလျက် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်လျက်ရှိသည်နှင့်အညီ ဘဏ်အတိုးနှုန်းများ ပြန်လည်ပြင်ဆင်တိုးမြှင့်သတ်မှတ်ရန် လိုအပ်လာပါသဖြင့် ၂၀၀၆ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဘဏ်အတိုးနှုန်းများကို အောက်ပါအတိုင်း ပြင်ဆင်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည် -

| | |
|---|---|
| (၁) မြန်မာနိုင်ငံတော် ဗဟိုဘဏ်အတိုးနှုန်း | ၁၂ ရာခိုင်နှုန်း |
| (၂) ပုဂ္ဂလိကဘဏ်များ၏ အတိုးနှုန်းများ | |
| (က) သာမန်ချေးငွေ | ၁၇ ရာခိုင်နှုန်း |
| (ခ) အထူးစီမံကိန်းချေးငွေ (စိုက်ပျိုးရေးလုပ်ငန်းချေးငွေနှင့် စက်မှုလက်မှုလုပ်ငန်းချေးငွေ) | ၁၅ ရာခိုင်နှုန်း |
| (ဂ) ငွေစုဘဏ်အပ်ငွေများအပေါ် အတိုးနှုန်း | ၁၂ ရာခိုင်နှုန်း |

(သတင်းစဉ်)